ရန်ကင်းတောင်စာစဉ်(၁၈)

# အခွန်လွတ်သာသနာ့မြေဂရန်
# နှင့်
# ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်

## မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ
## သိမှတ်ဖွယ်ရာများ

ပဌမအကြိမ် ပုံနှိပ်သည့်စာအုပ်တွင် တည်ဆဲ မြေယာစီမံခန့်ခွဲရေး
ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ချက်များ ပါဝင်ပါသည်

**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သမြေပြင်)**

ပဌမအကြိမ်

အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်ကို မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ ❋ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သမြေပြင်)

## ဤစာအုပ်၌

အခွန်လွတ်သာသနာ့မြေနှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေ
လှူဒါန်းလိုသည့် သိမ်ဒါယကာများအတွက်
လျှောက်ထားပုံအစီအစဉ်ကို စာနမူနာများနှင့်တကွ
ပြည့်ပြည့်စုံစုံ ရေးသား ဖော်ပြထားပါသည်။
သာသနာတော်အတွက် အသက်တမျှအရေးကြီးသည့်
ဝိသုံဂါမဗဒ္ဓသိမ်မိန့်ကို မင်းအစိုးရထံ
လျှောက်ထားရန်လိုလားတော်မူကြသည့်
ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အတွက်
တပည့်တော်၏ ကြိုးပမ်းမှုသည် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ
အထောက်အပံ့ကောင်း ဖြစ်ပေလိမ့်မည်ဟု
ယုံကြည်မျှော်လင့်မိပါသည် အရှင်မြတ်တို့ဘုရား။

# အခွန်လွတ်သာသနာ့မြေဂရန်

နှင့်

# ဝိသုံ့ဂါမဗဒ္ဓသိမ်မြေဂရန်

## မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ

## သိမှတ်ဖွယ်ရာများ

ပဌမအကြိမ် ပုံနှိပ်သည့်စာအုပ်တွင် တည်ဆဲ မြေယာစီမံခန့်ခွဲရေး
ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ချက်များ ပါဝင်ပါသည်

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

Email : ven.khemananda.brahmana@gmail.com

website:www.dhammatrainingcenter.com ၌
Download ရယူနိုင်ပါသည်။

ပဌမအကြိမ်

ရန်ကင်းတောင်စာစဉ် အမှတ် (၁၈)

| | | |
|---|---|---|
| အဖုံးနှင့်အတွင်းပုံနှိပ် | – | ရွှေနိုင်ငံပုံနှိပ်တိုက် (၀၅၇၄၅)<br>အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊<br>ဗဟန်းမြို့နယ်။ |
| ထုတ်ဝေသူ | – | ဦးမောင်မောင်လှ (ရွှေနိုင်ငံ–၀၄၁၉၃) |
| ဖြန့်ချိရေး | – | ရန်ကင်းတောင်စာစဉ်<br>နေပြည်တော်၊ ဒက္ခိဏသီရိမြို့<br>ဖုန်း ၀၉–၄၃၀ ၇၅၇၀၄ ၊၀၉–၇၉၇ ၃၀၃၀၂၁<br>သော်တာစန်းစာပေ၊ ပျဉ်းမနားမြို့<br>ဖုန်း ၀၉–၄၃၀ ၃၅၄၉၅ ၊ ၀၉–၇၉၇ ၉၂၁ ၂၈၀<br>ရာပြည့်စာပေ<br>ရန်ကုန်ပန်းဆိုးတန်း<br>ဖုန်း ၀၉–၀၉ ၄၂၁ ၀၆၀ ၆၅၄ ၊ ၀၁–၃၇၅၉၅၂ |
| တန်ဖိုး | = | ၁၂၀၀ ကျပ် |
| ထုတ်ဝေကြိမ် | = | ပထမအကြိမ် ၂၀၁၁ မေ (၁၀၀၀)<br>ဒုတိယအကြိမ် ၂၀၁၁ စက်တင်ဘာ (၁၀၀၀)<br>တတိယအကြိမ် ၂၀၁၃ ဇန်နဝါရီ (၁၀၀၀)<br>စတုတ္ထအကြိမ် ၂၀၁၄ အောက်တိုဘာ (၂၀၀၀)<br>ပဥ္စမအကြိမ် ၂၀၂၁ မေ (၂၀၀၀) |

## ''ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း''(CIP)

၂၉၄. ၃

ခေမာနန္ဒ၊ အရှင် (ရန်ကင်းတောရ)

အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ/ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)။ ရန်ကုန်။ ရွှေနိုင်ငံစာပေ၊ ၂၀၂၁။

၁၃၀ စာ၊ ၁၁ . ၄၃ x ၂၁ . ၃၄ စင်တီ။

(၁) အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ

## မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| * | ကျေးဇူးဥပကာရမော်ကွန်း | ဃ |
| * | ဤစာအုပ်အကြောင်း | င |
| * | ရှေးဦးအမှာစကား | ဋ |
| * | ဆရာတော်ဘုရားတို့ထံပါး လျှောက်ထားချက် | ဎ |
| ၁။ | ဗဒ္ဓသိမ် နှင့် အဗဒ္ဓသိမ် | ၁ |
| ၂။ | ဂါမသိမ် (ဝါ) ဂါမခေတ် (ဝါ) ကျေးရွာ (ဝါ) ကျေးရွာအုပ်စု | ၁ |
| ၃။ | ဂါမခေတ်ယူဆပုံများ | ၂ |
| ၄။ | သံဃာအားလုံး စုဝေးရမည် | ၃ |
| ၅။ | အခက်အခဲများ | ၄ |
| ၆။ | သာသနာ့သိမ် | ၆ |
| ၇။ | သိမ်သမုတ်ရခြင်း၏အကြောင်း | ၇ |
| ၈။ | နယ်သိမ်းခြင်း၏ အခက်အခဲများ | ၈ |
| ၉။ | ဂရုကလဟုကေသု ဂရုကေဒွာတဖွဲ | ၉ |
| ၁၀။ | ဝိသုံဂါမသိမ် ကြိုတင်ပြုဖွယ် လုပ်ငန်းစဉ် | ၁၀ |
| ၁၁။ | မင်းမိန့်ကြောင့် ကမ္မဝါစာမဖတ်ဘဲ သိမ်ဖြစ် | ၁၂ |
| ၁၂။ | မင်းအစိုးရမှ ဝိသုံဂါမဗဒ္ဓသိမ်အမိန့် ပေးနိုင်သည်၊ ရုပ်သိမ်းနိုင်သည် | ၁၄ |
| ၁၃။ | မင်းအစိုးရနှင့် ဝိသုံဂါမသိမ်မြေ | ၁၆ |
| ၁၄။ | သံသယကင်းရှင်းသည့် ဝိသုံဂါမသိမ် | ၁၈ |
| ၁၅။ | ဝိသုံဂါမသိမ်မိန့် ခက်ခဲကြန့်ကြာ | ၁၉ |
| ၁၆။ | သိမ်မအောင်လျှင် သာသနာပျောက်ကွယ်မည် | ၂၁ |
| ၁၇။ | ဆရာတော်ကြီးတို့၏ ဆန္ဒတော် | ၂၁ |
| ၁၈။ | ရဟန်းနှင့် သိမ် | ၂၂ |
| ၁၉။ | ရာဇနီတိ | ၂၃ |
| ၁၉။ | မြေအမျိုးအစား | ၂၃ |
| ၂၀။ | အခွန်လွတ်သာသနာမြေဂရန် လျှောက်ထားရန်မလိုဘဲ ဝိသုံဂါမဗဒ္ဓသိမ်မြေအဖြစ် လျှောက်ထားခွင့်ရှိသည့်မြေ | ၂၅ |

# အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)သပြေပင်


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၂၁။ | အခွန်လွတ် သာသနာမြေဂရန် ရရှိပြီးမှ ဝိသုံဂါမ ဗဒ္ဓသိမ်မြေဂရန်ကို လျှောက်ထားခွင့် ရှိသည့်မြေ | ၂၆ |
| ၂၂။ | လယ်မြေ၊ ယာမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောမြေ | ၂၇ |
| ၂၃။ | လယ်မြေ၊ ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားခြင်း | ၂၉ |
| ၂၄။ | တောရမြိုင်ပျော် အရှင်မြတ်များ | ၃၁ |
| ၂၅။ | စားကျက်မြေကို ပယ်ဖျက်ခွင့် လျှောက်ထားခြင်း | ၃၄ |
| ၂၆။ | သစ်တောမြေကို ပယ်ဖျက်ခွင့် လျှောက်ထားခြင်း | ၃၅ |
| ၂၇။ | မြေလွတ်၊ မြေလပ်၊ မြေရိုင်း အသုံးပြုခွင့် လျှောက်ထားခြင်း | ၃၅ |
| ၂၈။ | မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့် ရှိသော မြို့မြေ | ၃၆ |
| ၂၉။ | အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်း | ၃၆ |
| ၃၀။ | ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်ထားခြင်း | ၅၆ |
| ၃၁။ | အခွန်လွတ်သာသနာ့မြေလျှောက်လွှာနှင့်ဝိသုံဂါမ ဗဒ္ဓသိမ်မြေ လျှောက်လွှာ၌ ပါဝင်ရမည့်စာများ | ၆၀ |
| ၃၂။ | ဦးကြည်တင်၏ နိဒါန်းနှင့် အာသီသ | ၆၂ |
| ၃၃။ | မြေစီမံခန့်ခွဲခြင်း | ၆၅ |
| ၃၄။ | စတင်လျှောက်ထားခြင်း | ၆၆ |
| ၃၅။ | အုပ်ချုပ်ရေးမှူးရုံးက ဆောင်ရွက်ခြင်း | ၆၈ |
| ၃၆။ | သိမ်ဂရန်ထုတ်ပေးခြင်းအကြောင်း | ၇၂ |
| ၃၇။ | ကမ္ဘာတည်သရွေ့ တည်သည့်ဗဒ္ဓသိမ် | ၇၄ |
| ၃၈။ | ဗဒ္ဓသိမ်မြေဂရန်လျှောက်ထားခြင်း | ၇၆ |
| ၃၉။ | လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် | ၈၁ |
| ၄၀။ | စားကျက်မြေ ပယ်ဖျက်ခြင်းအကြောင်း | ၈၄ |
| ၄၁။ | ခေတ်အဆက်ဆက် မင်းအစိုးရတို့၏ရုံးသုံးပုံစံများ | |
| ၄၂။ | ရည်ညွှန်းကိုးကားသည့် ကျမ်းညွှန်းစာရင်း | ၁၁၂ |

# ကျေးဇူးဥပကာရမော်ကွန်း

သာသနာ့တာဝန်များ များပြားလှသည့်ကြားမှ ဤစာအုပ်အတွက် အဖိုးမဖြတ်နိုင်သည့် လမ်းညွှန်ဩဝါဒစကားများ ပေးတော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မန္တလေး အဝေရာရာမ ရန်ကင်းကျောင်းဆရာတော်၊ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မစိုးရိမ်တိုက်သစ် ပါဠိနယူပဒေသကျောင်းဆရာတော်၊ ရန်ကုန်မြို့ မှော်ဘီသာသနာ့ဝန်ဆောင်ကျောင်းတိုက် နာယကဆရာတော်၊ နေပြည်တော် ဒက္ခိဏသီရိမြို့ ထန်းတပင်တောရကျောင်းတိုက် ပဓာနနာယက ဆရာတော်တို့အား ကျေးဇူးဥပကာရ တင်ရှိသည့်အကြောင်း ခြေတော်ဦးခိုက်ကာ မြတ်နိုးစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်ဘုရား။

မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ ဆရာကြီး ဦးနီတွတ်၊ နေပြည်တော်လယ်ဝေးမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဦးအောင်ကျော်ငြိမ်း၊ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးဘစိုးတို့အားလည်း ရန်ကင်းဆရာတော်အရှင်ခေမာနန္ဒ၏ ဤစာအုပ်ဖြစ်မြောက်ရေး၌ အဘက်ဘက်မှ ကူညီပေးခဲ့သည်ကို မော်ကွန်းမှတ်တမ်း တင်အပ်ပါသည်။

အရှင်စန္ဒိမာ
*B.Sc , DMA ၊ အဘိဝိနယာစရိယ*
*ရန်ကင်းတောရ၊ သပြေပင်*
*၂၀၁၁ ခုနှစ်၊ ဧပြီလ (၂၀)ရက်*

## ဤစာအုပ်အကြောင်း

ဝိနယဂရုက ဖြစ်တော်မူကြသည့် ဆရာ ထေရ် အရှင်မြတ်တို့သည် ဝိသုံဂါမဗဒ္ဓသိမ်ကိုလိုလား မြတ်နိုးတော်မူကြပါသည်။ အကြောင်းမှာ ဝိသုံဂါမ ဗဒ္ဓသိမ်သည် မင်း၏အမိန့်အရ ဖြစ်ပေါ်လာသဖြင့် သံသယဖြစ်ဖွယ်အလျဉ်းမရှိ သန့်ရှင်းစင်ကြယ်သော ကြောင့်ဖြစ်ပါသည်။

မန်လည်ဆရာတော်ကြီးသည် မိမိရဟန်း ဖြစ်ရာ သိမ်ကို သံသယဖြစ်တော်မူသဖြင့် ရဟန်း-၃ ဝါရသောအခါ ဒုတိယအကြိမ် ရဟန်းခံတော်မူ ကြောင်းနှင့် လယ်တီဆရာတော်ကြီးသည် တပည့် ရဟန်းများကို ရဟန်းဖြစ်စတစ်ဝါအတွင်း နှစ်ကြိမ်၊ သုံးကြိမ်ခန့် ကံထပ်စေတော်မူကြောင်း မှတ်သား ဖူးပါသည်။

ဆရာတော်ကြီးအချို့ကမူ သိမ်အတွက် သံသယကင်းစေရန်အလို့ငှါ ရေသိမ်၌ ကံပြုတော် မူကြပါသည်။ ဗန်းမော်ဆရာတော်၊ သင်္ဂဇာဆရာ တော်နှင့် ဆရာတော်ကြီးများသည် ဧရာဝတီမြစ်ပြင် အလယ် ဖောင်တော်ပေါ်၌ ဥပသမ္ပဒကံ ဆောင်နေ စဉ် လေပြင်းမုန်တိုင်း ကျလာသောကြောင့် ဖောင်ပျက် ကာ ရေထဲမျောပါသည်အထိ ဆင်းရဲခဲ့ကြောင်း ကိုလည်း မှတ်သားဖူးပါသည်။

သံသယဖြစ်စရာမလိုသည့် ဝိသုံဂါမဗဒ္ဓသိမ် များ၌ ကံဆောင်ခွင့်မရသဖြင့် ရဟန်းဖြစ်ရာသိမ်ကို သံသယရှိသောကြောင့် ရပြီးရဟန်းဝါကို ပယ်ဖျက်ပြီး

နောက် ဒုတိယအကြိမ် သိမ်ဝင်သည်နေ့မှစ၍ ရဟန်းဝါကို စတင် ရေတွက်တော်မူကြသည့် ဝိနယဂရုက သံဃာတော်များကို ဖူးတွေ့ရသောအခါ၌ စိတ်မကောင်းဖြစ်ဖူးပါသည်။

## အကြံပြုစာတမ်း

တစ်ဖက်တွင်လည်း ခေတ်အဆက်ဆက် ကပင် မင်းအစိုးရထံပါး ဝိသုံဂါမဗဒ္ဓသိမ် မြေဂရန်ကို လျှောက်ထားရာတွင် ထိုလျှောက်ထားသည့် ကျောင်း၏ ကျောင်းထိုင်ဆရာတော်ကြီး ပျံလွန်တော်မူသည့်တိုင် ခွင့်ပြုမိန့်မရဘဲ ကြန့်ကြာမှုရှိနေခဲ့သည့် သာဓကများရှိနေသဖြင့် လျှောက်ထားသူတို့၏ ချွတ်ယွင်းချက်ကြောင့်လော သို့မဟုတ် မင်းအစိုးရအဖွဲ့ တစ်စုံတစ်ရာ အခက်အခဲများ ရှိနေ၍လောဟု တွေးထင်မိဖူး၏။

ထို့ကြောင့် မင်းအစိုးရက ဝိသုံဂါမဗဒ္ဓသိမ် မြေဂရန် လျှောက်ထားလာသည့် ကျောင်းများအတွက် ခွင့်ပြုမိန့်ကို အခက်အခဲမရှိ ဆောင်ရွက်ပေးနိုင်လျှင် ကောင်းပေစွဟု စိတ်ဝယ် မကြာမကြာ ဖြစ်ဖူးသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မင်းအစိုးရထံသို့ အကြံပြုသည့် စာတမ်းတစ်စောင် ရေးသားပါသည်။ သို့သော် ထိုစာတမ်းကို မင်းအစိုးရထံ မတင်ဖြစ်ခဲ့ဘဲ အနည်းငယ်ပြုပြင်ကာ ဤစာအုပ်အသွင် ပြောင်းခဲ့ရပါသည်။

## စာတမ်းမှသည်စာအုပ်

ထိုအကြံပြုစာတမ်းမှသည် ဤစာအုပ်အဖြစ် ပြောင်းလဲလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ဥသျှောင်ဆရာတော်ကြီး တစ်ပါးမှ ထိုစာတမ်းကို သေသေချာချာ ပြည့်ပြည့်စုံစုံ ဖတ်ရှုတော်မူပြီး အကြံဉာဏ်များလည်း ချီးမြှင့်တော်မူပါသည်။ ထို့နောက် စဉ်းစဉ်းစားစားဖြင့် "သာသနာတော်မှ အညတြရဟန်းတစ်ပါးအနေဖြင့် နိုင်ငံတော်ကို အကြံပြုစာတင်ရန် မသင့်တော်ပါဟု ထင်ကြောင်း" မေတ္တာရှေ့ထားကာ မိန့်ကြားတော်မူသဖြင့် စာအုပ်အသွင် ပြောင်းလဲခဲ့ရခြင်း ဖြစ်ပါသည်။ စာအုပ်အသွင် ထွက်ပေါ်လာပြီးနောက်၌လည်း တာဝန်ရှိသည့် နိုင်ငံတော် အကြီးအကဲများ လက်ဝယ်သို့ ဤစာအုပ် ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်မည့် နည်းလမ်းများကို စာရေးသူမှ အစဉ်တစိုက် ရှာဖွေခဲ့ပါသည်။

## စာရေးသူ၏ ယုံကြည်ချက်

အကြောင်းမှာ သာသနာတော်ကို မြတ်နိုးကြသည့် မင်းအစိုးရများ၏လက်ဝယ်သို့ ဤစာအုပ် ရောက်ရှိခဲ့ပါက ဝိသုံဂါမဗဒ္ဓသိမ်မြေကို ခွင့်ပြုပေးခြင်းဖြင့် သာသနာတော်အတွက် အနှိုင်းအဆမဲ့ အကျိုးကျေးဇူးများမည့်အကြောင်းကို ပြည့်ပြည့်စုံစုံ သိရှိတော့မည်။ ထိုအခါ ဝိသုံဂါမဗဒ္ဓသိမ်မြေ ခွင့်ပြုမိန့်ကို လွယ်ကူလျှင်မြန်စွာ ချပေးနိုင်မည့် နည်းလမ်း

တို့ကို သက်ဆိုင်ရာဌာနများအား ညွှန်ကြားပေးမည်ဟု စာရေးသူက ကောန်ယုံကြည်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် နည်းလမ်းအဖုံဖုံရှာခဲ့ရာတွင် ကံအားလျော်စွာ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ တတိယ ပုံမှန်အစည်းအဝေးတွင် 'ဝိသုံဂါမ ဗဒ္ဓသိမ်မြေဂရန် လျှောက်ထားရာတွင် ကြန့်ကြာနေသည့်ကိစ္စ'ကို လွှတ်တော်ကိုယ်စားလှယ် ဒါယကာဦးစံပြည့်က မေးခွန်းအဖြစ် တင်သွင်းပေးခဲ့ပါသည်။ တစ်ဖက်တွင်လည်း လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လက်ဝယ်သို့ ဤစာအုပ်ကို ပေးပို့လှူဒါန်းနိုင်ခဲ့ပါသည်။

## ဝိသုံဂါမဗဒ္ဓသိမ်မြေကိစ္စ လွှတ်တော်၌ မြေကြား

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းကို အခွန်လွတ်သာသနာမြေဂရန်နှင့် ဝိသုံဂါမ ဗဒ္ဓသိမ်မြေဂရန်ကို ထုတ်ပေးခွင့်အာဏာရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့က 'ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် လျှောက်ထားရာတွင် ဆောင်ရွက်ရသော လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူလာပါသဖြင့် မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားကာ အမှုတွဲပြည့်စုံစွာပြုစုပြီး တင်ပြလာလျှင် စီစစ်ပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ပါကြောင်း' ပြန်ကြားလျှောက်ထားပါသည်။ ဝိသုံဂါမ

သိမ်မြေဂရမ်အတွက် စာရေးသူ၏ ရည်ရွယ်ချက်ပြည့်မြောက်ပေမည်။

ထို့ကြောင့် မဟာသံဃနာယက အဖွဲ့ဝင်ဆရာတော်ကြီးနှင့် တိုင်းသံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးက 'အခုနောက်ပိုင်း အခွန်လွတ်သာသနာမြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် လျှောက်ရင် အရင်ထက် သိသိသာသာကြီးကို လွယ်ကူ မြန်ဆန်လာတာတွေ့ရလို့ အရှင်ဘုရားရဲ့ဒီစာအုပ်ကို မနေ့ကတောင် သတိရနေသေးတယ်ဘုရား' ဟု မှတ်မှတ်ရရမိန့်တော်မူဖူးပါသည်။

## လျှောက်ထားပုံအစီအစဉ်

ဤစာအုပ်တွင် နိုင်ငံတော်အစိုးရထံပါး အခွန်လွတ်သာသနာ့မြေဂရန် လျှောက်ထားပုံ အစီအစဉ်များ အသေးစိတ်ဖော်ပြပါရှိပြီး၊ ဝိသုံဂါမဗဒ္ဓ သိမ်မြေဂရန် လှူဒါန်းလိုသည့် သိမ်ဒါယကာများ အတွက်လည်း လျှောက်ထားပုံ အစီအစဉ်များကို စာနမူနာများနှင့်တကွ ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားပါသည်။

ရုံးလုပ်ငန်းကျွမ်းကျင်သူ မည်သူမဆို ဤစာနမူနာကို လေ့လာကြည့်ရုံမျှဖြင့် အခွန်လွတ် သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် လျှောက်ထားပုံအစီအစဉ်ကို လွယ်ကူရှင်းလင်းစွာ သိရှိနိုင်မည်ဖြစ်ပါသည်။

ဆက်လက်ပြီး လေ့လာနိုင်ရန်အတွက် ရှေးရှေးမြန်မာမင်းများမှသည် ကိုလိုနီခေတ်အပါဝင် ခေတ်အဆက်ဆက် မင်းအစိုးရတို့၏ ဝိသုံဂါမဗဒ္ဓသိမ်မိန့်များကိုလည်းကောင်း ဗဟုသုတရှာမှီးလိုသူများအဖို့ ဝေဝေဆာဆာ ဖော်ပြပါရှိပါသည်။

## ပြင်ဆင် ဖြည့်စွက်ထားသည့် ပဥ္စမအကြိမ်စာအုပ်

ဤစာအုပ်ကို ၂၀၁၄-ခုနှစ် အထိ အုပ်ရေစုစုပေါင်း (၅၀၀၀) ပုံနှိပ်ကာ လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၀-ပြည့်နှစ်တွင် စာအုပ်ကုန်သွားသဖြင့် ပြောင်းလဲလာသည့် မြေယာစီမံခန့်ခွဲရေးဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စာများ ပြင်ဆင်ဖြည့်စွက်ကာ ဤပဥ္စမအကြိမ်ကို ပုံနှိပ်ခြင်း ဖြစ်ပါသည်။

သာသနာတော်အတွက် အရေးကြီးလှသည့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်ကို မင်းအစိုးရထံ လျှောက်ထားရန် လိုလားတော်မူကြသည့် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အတွက် တပည့်တော်၏ ကြိုးပမ်းမှုသည် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ အထောက်အပံ့ကောင်းဖြစ်ပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည် အရှင်မြတ်တို့ဘုရား။

*အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)*

# ရှေးဦးအမှာစကား

မကာရလောပအကျော် မန်လည်ဆရာတော်ဘုရားကြီးသည် သိမ်ကိုသံသယရှိ၍ သုံးဝါရသောအခါ ဒုတိယအကြိမ် ရဟန်းခံတော်မူ၏။ ရဟန်းဝါကိုလည်း ထိုဒုတိယအကြိမ် ရဟန်းခံပြီးသည်မှစ၍သာ ရေတွက်တော်မူ၏ဟုဆိုသည်။ သိမ်အပေါ်၌ သံသယဖြစ်ဖွယ် အကြောင်းတို့သည် များပြားလှ၏။

ထို့ကြောင့် သိမ်ပျက် (၁၁)လုံးကို သိထားသင့်၏။ ဤသို့ သိထားမှသာ သိမ်တစ်လုံးဖြစ်ရန် ခဲယဉ်းပုံကို လေးလေးနက်နက် ခံယူနိုင်ပေလိမ့်မည်။ ယင်းသို့ လေးနက်စွာ ခံယူနိုင်ပါမှလည်း ဝိသုံဂါမသိမ်၏ အရေးပါပုံကို လေးနက်စွာ သဘောပေါက် နားလည်နိုင်ပေမည်။

၁။ အတိခုဒ္ဒကသိမ်
အလွန်ငယ်လွန်းသောသိမ်။
၂။ အတိမဟတီသိမ်
အလွန်ကြီးလွန်းသောသိမ်။
၃။ ခဏ္ဍနိမိတ္တာ
နိမိတ်ကျိုးသောသိမ်၊ မစပ်သောသိမ်။
၄။ ဆာယာနိမိတ္တာ
အရိပ်ကို နိမိတ်လုပ်မိသောသိမ်။
၅။ အနိမိတ္တာ
နိမိတ်မသတ်မှတ်ဘဲသမုတ်သောသိမ်။
၆။ ဗဟိသီမေ ဌိတသမ္မတာ
သိမ်၏အပြင်ဘက်၌ နေ၍ သမုတ်မိသောသိမ်။
၇။ နဒိယာ သမ္မတာ
မြစ်၌ သမုတ်အပ်သောသိမ်။

၈။ သမုဒ္ဒေ သမ္မတာ
 သမုဒ္ဒရာ၌ သမုတ်အပ် သောသိမ်။
၉။ ဇာတဿရေ သမ္မတာ
 ဇာတဿရအိုင်၌ သမုတ်အပ် သောသိမ်။
၁၀။သီမာယ သီမံ
 သိမ်အချင်းချင်းစပ်၍ သမ္ဘိန္ဒန္တေန သမ္မတာသမုတ်
 အပ်သောသိမ်။
၁၁။သီမာယ သီမံ
 မိမိသိမ်ဖြင့် သူတစ်ပါးသိမ်ကို အဇ္ဈောတ္ထရန္တေန-လွှမ်းမိုး၍ သမုတ်အပ်သော သမ္မတာသိမ်တို့သည် သိမ်ပျက် (၁၁)လုံး ဖြစ်သည်။

ထို့ပြင် သိမ်ပျက်ဖို့ရာအကြောင်း ရှိပါသေးသည်။ ၁၊ နိမိတ်, ၂၊ ပရိသတ်, ၃၊ ကမ္မဝါစာ ဤသုံးချက်ပြည့်စုံမှ အောင်မြင်သော သိမ်ဖြစ်နိုင်သည်။

နိမိတ်ဟူသည် -

(၁) တောင်နိမိတ် (၅) လမ်းနိမိတ်
(၂) ကျောက်နိမိတ် (၆) တောင်ပို့နိမိတ်
(၃) တောနိမိတ် (၇) မြစ်နိမိတ်
(၄) သစ်ပင်နိမိတ် (၈) ရေနိမိတ်တို့ဖြစ်လေသည်။

ဤနိမိတ်ရှစ်မျိုးတို့တွင် အချို့သောနိမိတ်၌ အယူအဆ အမျိုးမျိုးရှိ၏။ မှန်ကန်သော အယူအဆ ဖြစ်လျှင် တော်သေး၏။ လွဲမှားသောအယူအဆဖြစ်လျှင် ကာသိမ်ပျက်၏။

ပရိသတ်ဟူသည် သိမ်သမုတ်ရာ၌ အနည်းဆုံး ရဟန်းလေးပါးရှိရမည်။ သိမ်သမုတ်ချိန်၌ ဂါမခေတ် အတွင်း ရဟန်းတစ်ပါးပါး ဖြတ်သွားလျှင် ဖြစ်စေ၊ ရှိနေ

လျှင်ဖြစ်စေ သိမ်ပျက်ပြန်၏။ ယခုခေတ်၌ ကား၊ ရထား၊ ဆိုင်ကယ်စသော ယာဉ်များပေါ်များလှ၍ သိမ်တစ်လုံး အောင်မြင်ရန် ခဲယဉ်းလှပေသည်။

ကမ္မဝါစာဖတ်ရာ၌ 'ဘန္တေ'ဟု ပြင်းပြင်းထန် ထန်ရွတ်ရမည်ဖြစ်ပါလျက် 'ဗန္တေ'ဟု ပျော့ပျော့ ရွတ်မိလျှင် လည်းကောင်း၊ ပြင်းပြင်းရွတ်ရမည်ကို ပျော့ပျော့ ရွတ်မိလျှင်လည်းကောင်း၊ ပျော့ပျော့ရွတ်ရမည်ကို ပြင်း ပြင်းရွတ်မိလျှင်လည်းကောင်း သိမ်မအောင်မြင်ပေ။

ဝိသုံဂါမသိမ်သည်ကား သိမ်နှင့် ပတ်သက်၍ သံသယဖြစ်ဖွယ် များစွာ မရှိတော့ပေ။ သိမ်ဟူသည်ကား ရဟန်းတော်တို့၏ မွေးဖွားရာတိုက်ခန်းတစ်ခု ဖြစ်ပေ၏။ မအောင်သောသိမ်၌ ရဟန်းခံလျှင် ရဟန်းမဖြစ်ပေ။ ထိုရဟန်းမဖြစ်သောရဟန်းမှ အဆက်ဆက် ရဟန်းခံ ကြလျှင် သာသနာအစစ်အမှန် ကွယ်ပျောက်မည်ဖြစ်၏။ လိင်္ဂသာသနာသာ ကျန်ရစ်တော့မည်။

သို့ဖြစ်ပါ၍ အရှင်ခေမာနန္ဒ၏ မင်းအစိုးရထံ အခွင့်လွတ်သာသနာ့မြေနှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ စာအုပ် သည် သာသနာတော် အရှည်တည်တံ့ရေးကို လိုလား တော်မူကြသည့် ရဟန်းရှင်လူ သူတော်ကောင်း ပုဂ္ဂိုလ် များအတွက် ယနေ့ခေတ်၌ အလွန်ပင်လိုအပ်နေသော စာအုပ် ဖြစ်ပေတော့သည်။

*အရှင်ဣန္ဒက*
*ပထမကျော်(ဒုတိယ)သာသနဓဇ ဓမ္မာစရိယ*
*သကျသီဟ စာသင်တန်းအောင်*

## ဆရာတော်ဘုရားတို့ထံပါး လျှောက်ထားချက်

ဆရာတော်ဘုရားများအနေဖြင့် မင်းအစိုးရထံသို့ အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့် လုပ်ငန်းစဉ်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်ထားရသည့် လုပ်ငန်းစဉ်တို့မှာ များပြားလှသည်ဟု မယူဆစေလိုပါဘုရား။

မည်သည့်မြေမျိုးကို မည်သည့်ဌာနသို့ မည်သည့်ပုံစံဖြင့် လျှောက်ထားရမည်ကို ဤစာအုပ်ကို လေ့လာလျှင် သိရှိနိုင်တော့မည်ဖြစ်ပြီး ဌာနဆိုင်ရာ လုပ်ငန်းများကိုမူ သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်ဘုရား။

ရုံး၏လုပ်ထုံးလုပ်နည်း၊ စာသွားစာလာကို ကျွမ်းကျင်နားလည်သူတိုင်းက ရန်ကင်းတောရ ဆရာတော် ပြုစုတော်မူထားသည့် ဤစာအုပ်ပါ စာနမူနာတို့ကို ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်နိုင်ပါသည်ဘုရား။

အခွန်လွတ်သာသနာ့မြေ လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များမှာ (စာနမူနာ-၃) မှ (စာနမူနာ-၃၄) အထိလည်းကောင်း၊ ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များမှာ (စာနမူနာ-၃) မှ (စာနမူနာ-၃၈) အထိလည်းကောင်းဖြစ်ပါသည်။

ဆရာတော်များအနေဖြင့် မိမိနှင့် သက်ဆိုင်

သည့် စာရွက်စာတမ်းမှတ်တမ်းတို့ကို မပျောက်မပျက်စေဘဲ ဂရုတစိုက် သိမ်းဆည်းထားရပါမည်ဘုရား။ သို့ဖြစ်ပါ၍ စာတစ်စောင် မိမိလက်ဝယ် ရောက်သည်နှင့် ချက်ခြင်း မိတ္တူ ၃-စုံခန့်ကူးယူပြီး၊ ကျောင်း၌ ၁-စုံထားကာ ဒါယကာနှစ်ဦး၏အိမ်၌ ၁-စုံစီ ခွဲဝေအပ်နှံသိမ်းဆည်းထားရန် လိုအပ်ပါသည်ဘုရား။

အဘယ်ကြောင့်ဆိုသော် အကြောင်းကြောင်းကြောင့် မိမိလျှောက်ထားသည့် အခွန်လွတ် သာသနာ့မြေနှင့် ဗဒ္ဓသိမ်မြေဂရန်လျှောက်ထားသည့် ကိစ္စမျက်ခြည်ပြတ်နေလျှင် လက်ဝယ်သိမ်းဆည်းထားသည့် စာရွက်စာတမ်းများဖြင့် စုံစမ်းမေးမြန်းလျှင် အလွယ်တကူဖြင့် အခြေအနေမှန်ကို သိရှိနိုင်သောကြောင့် ဖြစ်ပါသည်ဘုရား။

ရန်ကင်းတောရဆရာတော် ရေးသားတော်မူသည့် အခွန်လွတ်သာသနာ့မြေနှင့် ဝိသုံဂါမဗဒ္ဓသိမ်လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ ဤစာအုပ်သည် သာသနာတော်အတွက် အကျိုးများသောကြောင့် ဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

*ကိုဘစိုး (လယ်ဝေး)*

**ဦးဘစိုးသည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးအုပ်စာရေးကြီး ဖြစ်ပါသည်။**

## ဗဒ္ဓသိမ် နှင့် အဗဒ္ဓသိမ်

ကမ္မဝါစာဖတ်၍ ဖွဲ့စည်းထားသော သိမ်သည် ဗဒ္ဓသိမ်ဖြစ်ပါသည်။ ကမ္မဝါစာ မဖတ်ရဘဲ မင်းအစိုးရမှ မြေပုံစည်းခြားကာ မင်းမိန့်စာချွန်ဖြင့် သတ်မှတ်ပေးထားသဖြင့် အလိုလိုဖြစ်သော သိမ်နှင့် တော၊ တောင်၊ မြစ်၊ သမုဒ္ဒရာ၊ ရေလယ်ကျွန်း စသည်၌ သဘာဝအတိုင်း ဖြစ်နေသော သိမ်တို့သည် အဗဒ္ဓသိမ် ဖြစ်ပါသည်။[၁]

## ဂါမသိမ် (ဝါ) ဂါမခေတ် (ဝါ) ရပ်ကွက် (ဝါ) ကျေးရွာ (ဝါ) ကျေးရွာအုပ်စု

နိုင်ငံတော်အစိုးရသည် အုပ်ချုပ်မှု၊ အခွန်စည်းကြပ်မှုအရ ရပ်ကွက်၊ ကျေးရွာနှင့် ကျေးရွာအုပ်စုတို့၏ နယ်နိမိတ်တို့ကို ပိုင်းခြား သတ်မှတ်ထားပြီး မြေပုံများဖြင့် စနစ်တကျ မှတ်တမ်းပြုထားလေ့ ရှိပါသည်။

ထိုရပ်ကွက် ကျေးရွာအုပ်စုတို့၌ အုပ်ချုပ်သူတစ်ဦးကိုလည်း မင်းအစိုးရမှ တာဝန်ပေးခန့်အပ်ထားလေ့ ရှိပါသည်။ ထိုပုဂ္ဂိုလ်ကို ရှေးအခါက ရွာစားဟူ၍လည်းကောင်း၊ ကျေးရွာသူကြီးဟူ၍လည်းကောင်း၊ ဆိုရှယ်လစ်ခေတ်၌မူ ကျေးရွာ

၁။ သိမ်မျိုးစုံ မဟာဋီကာကျမ်း

ကောင်စီဥက္ကဋ္ဌဟူ၍လည်းကောင်း ခေါ်ပြီး ယခု အခါ၌မူ ကျေးရွာအုပ်ချုပ်ရေးမှူးဟု ပြောင်းလဲ ခေါ်ဝေါ်ကြပါသည်။ မြတ်စွာဘုရားရှင် လက်ထက် တော်ကာလ မဇ္ဈိမဒေသ၌မူ ပါဠိဘာသာစကားဖြင့် "ဂါမဘောဇက" ဟု ခေါ်ဆိုခဲ့ပါသည်။

ထိုထိုကျေးရွာအုပ်စု၏ နယ်နိမိတ်အတွင်း၌ လူနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင် ကျောင်းများ၊ ဈေးရုံများ၊ ရဲစခန်း၊ သုသာန် စသည်တို့ ရှိနိုင်ပြီး ဆည်ဘောင်များ၊ စိုက်ခင်း များလည်း ပါဝင်နိုင်သေးသည့်အပြင် အဝေးပြေး ကားလမ်းများ၊ မီးရထားသံလမ်းများလည်း ပါဝင် နိုင်ပါသေးသည်။

## ဂါမခေတ်ယူဆပုံများ

ဤ၌တွင် ဂါမခေတ်၊ ဂါမသိမ်၏ အဓိပ္ပာယ်ကို ကောက်ယူရာတွင် ကျေးရွာအုပ်စုကြီးတစ်ခုလုံးကို မယူလိုဘဲ ကျေးရွာအုပ်စုအောက်၌ အုပ်ချုပ်မှုအရ ပါဝင်သည့် ရွာငယ်၊ ရွာသေးတစ်ခုစီကိုပင် ဂါမ ခေတ်တစ်ခု (ဝါ) ဂါမသိမ်တစ်ခုဟု နှလုံးသွင်း တော်မူသည့် ဆရာတော်များလည်း ရှိသကဲ့သို့ ကျေးရွာအုပ်စုကြီးတစ်ခုလုံးကို ဂါမခေတ်တစ်ခု (ဝါ) ဂါမသိမ်တစ်ခုဟု နှလုံးသွင်းတော်မူသည့် ဆရာတော်များလည်း ရှိပါသည်။[၁]

---

၁။ ပါမောက္ခချုပ်ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ၏ သိမ်သင်တန်း (နှာ–၂၀၁)

သံဃာတော်များ သီတင်းသုံးနေထိုင်ရာ ထိုထို ဂါမခေတ် (ဝါ) ဂါမသိမ် (ဝါ) ကျေးရွာ (ဝါ) ကျေးရွာအုပ်စုသည် ကမ္မဝါစာဖြင့် မသမုတ်ရဘဲ အလိုလိုပင် အဗဒ္ဓသိမ် ဖြစ်နေပါသည်။ ဗဒ္ဓသိမ်ကဲ့သို့ပင် သံဃာတော်များမှ နှစ်သက်ရာနေရာ၌ တစ်ပါးနှင့်တစ်ပါး နှစ်တောင့်တစ်ထွာထက် ပိုမဝေးစေဘဲ စုဝေးကာ ကံကြီးကံငယ်များကိုလည်း ဆောင်ရွက်နိုင်ပါသည်။

## သံဃာအားလုံး စုဝေးရမည်

သံဃာတော်များ ကံကြီးကံငယ် ဆောင်နိုင်ရန် ထိုဂါမသိမ် (ဝါ) ဂါမခေတ် (ဝါ) ကျေးရွာအုပ်စုတစ်ခုအတွင်း သီတင်းသုံးတော်မူကြသည့် ရဟန်းတော်များအားလုံး သံဃာ့ကံပြုရာနေရာသို့ လာရောက်စုဝေးရမည်။ အကယ်၍ သံဃာ့ကံပြုရာသို့ မလာရောက်နိုင်ပါက ကံပြုခြင်းကို သဘောတူကြောင်း ဒေသနာတော်အတိုင်း ဆန္ဒပေးရပါသည်။

* ဆန္ဒံ ဒမ္မိ=တပည့်တော် ဆန္ဒပေးပါ၏၊

* ဆန္ဒံ မေ ဟရ= တပည့်တော်၏ ဆန္ဒကို သံဃာ့ထံသို့ ဆောင်ယူသွားပါ။

* ဆန္ဒံ မေ အာရောစေတိ= တပည့်တော်၏ ဆန္ဒကို သံဃာတော်အား လျှောက်ထားပါ။

အကယ်၍ ဤသို့ ဆန္ဒမပေးလိုပါက ကံပြု နေစဉ်ကာလအတွင်း ဂါမခေတ် (ဝါ) ကျေးရွာ အုပ်စုနယ်မြေအတွင်းမှ ပြင်ပသို့ ထွက်ခွာပေးရ မည်။[၁]

ဆန္ဒလည်း မပေး၊ စည်းဝေးရာသို့လည်း မလာရောက်၊ ဂါမသိမ် (ဝါ) ကျေးရွာအုပ်စု နယ်မြေအပြင်ဘက်သို့လည်း မထွက်ဘဲ ထိုကျေးရွာ နယ်မြေအတွင်း၌ ရဟန်းတစ်ပါးမျှ ရှိနေပါလျှင် သံဃာတော်များ စုဝေး၍ ပြုသောကံသည် အချည်းနှီး ဖြစ်ပေတော့သည်။

## အခက်အခဲများ

သို့သော် ထိုထိုကျေးရွာနှင့် ကျေးရွာအုပ်စု တို့၏ နယ်နိမိတ်သည် အလွန်ပင် ကျယ်ဝန်းပါ သည်။ ထို့ကြောင့် သံဃာတော်များက တစ်နေ ရာရာ၌ ကံဆောင်ရန်ရှိသည့် အခါတိုင်း တစ်နယ် လုံးမှ သံဃာတော်များ နှစ်တောင့်တစ်ထွာ ဟတ္ထပါတ်အတွင်း စုဝေးမိနိုင်ရန်မှာ လွန်စွာပင် အခက်အခဲ ရှိနိုင်ပါသည်။

ထို့ပြင် အဝေးပြေးကားလမ်းများ၊ မီးရထား လမ်းများသည်လည်း ကျေးရွာနယ်နိမိတ်ကို ဖြတ်သန်းနေသည်များလည်း ရှိနိုင်သေးသဖြင့် ထိုထိုကားရထားတို့ဖြင့် နေ့နေ့ညည ခရီးကြွ

၁။ မဟာဝဂ္ဂအဋ္ဌကထာ (နှာ-၃၂၂)

နေသည့် သံဃာတော်များသည် ကျေးရွာရှိ ကံဆောင်ရာနေရာသို့ တစ်စုတစ်ဝေးတည်းရောက် ရှိနိုင်ရန်မှာ လွန်စွာ အခက်အခဲ ရှိနိုင်ပါသည်။

ထပ်မံတွေ့ကြုံနိုင်သေးသည့် အခက်အခဲ တစ်ခုမှာ ကျေးရွာအုပ်စု၏ သင့်တော်ရာ နေရာ တစ်ခုခု၌ သံဃာတော်များ ကံဆောင်နေသည့် ကာလအတွင်း အခြားသော ဂါမခေတ် (ဝါ) ကျေးရွာအုပ်စုများမှ သံဃာတော်များသည် အကြောင်းကြောင်းကြောင့် ဤနယ်မြေထဲသို့ ဝင်ရောက်လာနိုင်ပါသေးသည်။

ထိုကျေးရွာနယ်နိမိတ်ထဲသို့ ကြွလာတော်မူ သည့် ဆရာတော်၊ သံဃာတော်များအားလုံးကို ကံဆောင်ရန် စုဝေးနေသည့် သံဃာတော်များ၏ နှစ်တောင့်တစ်ထွာအတွင်းသို့ ပင့်ဆောင်လာ နိုင်ရန်အတွက် ရွာ၏ အရပ်လေးမျက်နှာ၊ အရပ် ရှစ်မျက်နှာ၌ အစောင့်များ ချထားရပေမည်။ သံဃာတော်များ ကံဆောင်တိုင်း အစောင့် အရှောက်ထားရန်မှာ မတတ်နိုင်ကောင်းပေ။ ဤသို့ မပြုလုပ်နိုင်ပါက သံဃာတော် အရှင်မြတ် များအဖို့ သံဃာ့ကံဆောင်မှုအပေါ်တွင် သံသယ ရှိနိုင်ပါသည်။ ပမာအားဖြင့် ဥပသမ္ပဒါ ကမ္မဝါစာဖြင့် ရဟန်းပြုပေးပါသော်လည်း ရဟန်းဖြစ်ခဲ့၏

လောဟူ၍ သံသယဖြစ်နိုင်သကဲ့သို့ ပရိဝါသ်၊ မာနတ်ကိစ္စရပ်များ၌မူ ပို၍ သံသယဖြစ်ဖွယ် ရှိလာနိုင်ပါသည်။

## သာသနာနှင့် သိမ်

သိမ်ဆိုသည်မှာ သီမာဟူသော ပါဠိမှ သက်ဆင်းလာသော ဝေါဟာရဖြစ်ပြီး အဓိပ္ပါယ်မှာ အပိုင်းအခြား နယ်ပယ်ဖြစ်ပါသည်။ အပိုင်းအခြား နယ်ပယ်ဟူသော သာသနာတော် အသုံးအနှုန်းသည် ရဟန်းတော်များ နှစ်တောင့်တစ်ထွာ ဟတ္ထပါတ် အတွင်း တစုတဝေးတည်း အညီအညွတ် ပေါင်းစု၍ ကံကြီးကံငယ်များဆောင်ရာ နယ်တခုအဖြစ် သီးခြားသတ်မှတ်ထားခြင်းကို ဆိုလိုပါသည်။

ကံကြီးကံငယ်များ ဆောင်ခြင်းဟူသည် လူ၊ သာမဏေ မပါစေရဘဲ သံဃာတော်များသာ ပေါင်းစုကာ ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ပရိဝါသ်၊ မာနတ်ကျင့်ခြင်း၊ ကထိန်ခင်းခြင်း စသောကိစ္စများ ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

ဟတ္ထပါတ်အတွင်းဟူသည် သံဃာတော်များ သိမ်အတွင်း တစ်စုတစ်ဝေးတည်း ပေါင်းစုရာတွင် တစ်ပါးနှင့် တစ်ပါး ၂-တောင့်တစ်ထွာထက်

မဝေးကွာစေဘဲ နေထိုင်ကာ စည်းဝေးခြင်းကို ဆိုလို ပါသည်။ ဤသည်ကိုပင် ကာယသာမဂ္ဂီပေးသည်၊ တစ်နည်း ကိုယ်ဖြင့် ညီညွတ်မှု သဘောတူ ကျေနပ်မှုကို ပြသည်ဟု ဆိုလိုပါသည်။

သိမ်ထဲတွင် သံဃာတော်များ တစ်စုတဝေး တည်း ပေါင်းစုကာ ကံပြုနေစဉ်ကာလ သိမ်နယ် မြေ၏အတွင်း အစွန်ဆုံးရဟန်းတစ်ပါးပါး၏ နှစ်တောင့်တစ်ထွာ ဟတ္ထပါတ်အပြင်ဖက်၌ ဆန္ဒ မပေးဘဲ ရဟန်းတစ်ပါးပါး ဝင်နေပါက ပြုဆဲကံ မအောင်မြင်တော့ပါ။

## သိမ်သမုတ်ရခြင်း၏အကြောင်း

ကျေးရွာအုပ်စု၏ အပိုင်းအခြားသည် အလို လိုပင် ဂါမသိမ်ဖြစ်နေခဲ့သော် ရဟန်းသံဃာတော် များမှ အဘယ်ကြောင့် ဗဒ္ဓသိမ်သမုတ်သနည်း၊ အဘယ်ကြောင့် မင်းအစိုးရထံ ဝိသုံဂါမသိမ် အမိန့် တောင်းခံနေရသနည်းဟူသော မေးခွန်း ပေါ်ပေါက်၍ လာပါသည်။

အဖြေမှာ ကျယ်ဝန်းလှစွာသော ကျေးရွာ အုပ်စုအတွင်း၌ သံဃာ့ကံဆောင်နေသည့်အခါ၌ နယ်နိမိတ်အတွင်း ရောက်ရှိနေတော်မူကြသည့် သံဃာတော် တစ်ပါးမကျန် နှစ်တောင့်တစ်ထွာ ထက် ပိုမဝေးစေဘဲ သံဃာစုဝေးရာသို့ရောက်ရှိ

ရန်မှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း အခက်အခဲများစွာ ရှိနေနိုင်သောကြောင့် ဒါယကာတို့မှ မင်းအစိုးရထံ ဝိသုံဂါမသိမ်အမိန့် ခံယူရပါသည်။ နယ်သိမ်း၍ လည်း ဗဒ္ဓသိမ်သမုတ်ရခြင်း ဖြစ်ပါသည်။

## နယ်သိမ်းခြင်း၏ အခက်အခဲများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ( ၂၅. ၅. ၈၉ ) ရက်နေ့၌ ဖွဲ့စည်းပေးတော်မူခဲ့သည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၀)၏ ဝိနိစ္ဆယစာတမ်းစာမျက်နှာ( ၃၆ )၌ ဆရာတော်ဘုရားကြီးများမှ နယ်သိမ်းပြီး သိမ်သမုတ်သောအခါ တွေ့ကြုံနေရသည့် အခက်အခဲများကို အောက်ပါအတိုင်း ဖော်ပြတော်မူခဲ့ကြပါသည် -

၁။ နယ်သိမ်းသမုတ်ခြင်းနှင့် စပ်လျဉ်း၍ ပါဠိတော်များ၌ တိုက်ရိုက်လာသော အဆိုအမိန့်များ မရှိသည်က တစ်ကြောင်း၊

၂။ အဋ္ဌကထာ၊ ဋီကာများ၌လည်း အဆိုအမိန့်များ အမျိုးမျိုးကွဲပြားနေသည်က တစ်ကြောင်း၊

၃။ ကျမ်းတတ်အကျော်အမော် ဆရာတော်ဘုရားကြီးများပင် တစ်ပါးနှင့်တစ်ပါး အယူအဆ မတူညီသည်က တစ်ကြောင်း၊

၄။ သိမ်နှင့်ပတ်သက်ပြီး ယခုခေတ် သုံးနေကြသည့်

ကျမ်းစာအုပ်များ၌လည်း တစ်ကျမ်းနှင့်တစ်ကျမ်း အဆိုအမိန့် မတူညီနေသည်က တစ်ကြောင်း၊

၅။ ယုံကြည်ချက် ကွဲပြားသည့်အတွက် ဆန္ဒပေးမှုကို မလိုက်လျောသည့်အတွက် သိမ်သမုတ်ကံများ မအောင်မြင်သည်က တစ်ကြောင်းနှင့်

၆။ သိမ်သမုတ်နေချိန်မှာ သိမ်သမုတ်သည့် နယ်မြေအတွင်း သံဃာတော်များက အိမ်မှာဖြစ်စေ ကျောင်းမှာဖြစ်စေ တိမ်းရှောင်ကာနေ၍ သိမ်သမုတ်ကံ မအောင်မြင်စေလိုသော စေတနာဆိုးဖြင့် နှောင့်ယှက်သည်က တစ်ကြောင်း တို့ကြောင့် နယ်သိမ်း၍ သိမ်သမုတ်သည့် ကိစ္စ၌ အခက်အခဲများစွာ အဆင်မပြေမှု အမျိုးမျိုး ရှိနေပါသည်။

## ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ

ဆက်လက်၍ ကျေးရွာဒိုင်နယ်တစ်ခုလုံးရှိ သံဃာသိမ်းကာ သိမ်သမုတ်သည်ဟု ဆိုသော်လည်း (ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ နိဂမမ္ပိ ဂဟိတမေဝ ဟောတိ)[၁] အရ မြို့နိဂုံးသည်လည်း ရွာနှင့် သဘောချင်းတူနေသောကြောင့် ဂါမ သဒ္ဒါဖြင့် ယူရမည်ဟူ၍ အဋ္ဌကထာ၌ လာရှိပါသည်။

ဤတွင် အချို့ဆရာတော်ဘုရားကြီးများမှ

၁။ ဝိနယသင်္ဂဟ အဋ္ဌကထာ (နှာ−၁၉၄)

ကျေးရွာ တစ်ပိုင်သိမ်းသည်လောက်ကို နှစ်သက်တော်မမူကြကြောင်း၊ (ဂရုကာလဟုကေသု ဂရုကေ ဌာတဗ္ဗံ)[၁] အရ ဂရုဖက်၌ပင် တည်လိုတော်မူကြသည့် ဆန္ဒရှိတော်မူပါကြောင်းနှင့် အသင့်တော်ဆုံး နည်းလမ်းတစ်လမ်းမှာ ဝိသုံဂါမသိမ်ကို မင်းအစိုးရ အနေဖြင့် လွယ်လွယ်ကူကူ ခွင့်ပြုပေးခြင်းသည် သာလျှင် အကောင်းဆုံး အဆင်ပြေဆုံး ဖြစ်ပါသည် ဟု နိုင်ငံတော် သီးခြားဝိနည်းမှိုရ် ဆရာတော်ဘုရားကြီးများမှ လိုလားတော်မူကြပါသည်။[၂]

## ဝိသုံဂါမသိမ် ကြိုတင်ပြုဖွယ် လုပ်ငန်းစဉ်

မင်းအစိုးရထံ ဝိသုံဂါမ သီးခြားရွာအဖြစ် တောင်းခံလျှောက်ထားခြင်းဟူသည်မှာ သိမ်သမုတ်လိုသည့် မြေကွက်ငယ်ကို ဝိသုံဂါမသီးခြားရွာဖြစ်အောင် မင်းအမိန့်ဖြင့် သတ်မှတ်ပေးပါရန် ဒါယကာက လျှောက်ထားရခြင်း ဖြစ်ပါသည်။

ထိုမြေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်မြေစာရင်း ဦးစီးဌာန၏ မြေပုံနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၊ နေပြည်တော် စည်ပင်သာယာရေးကော် မတီတို့၏

၁။ ပါစိတျာဒိအဋ္ဌကထာ (နှာ–၂၉)

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နယ်သိမ်းသိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ အမှတ်(၁၀)

မြေပုံပေါ်တွင် အစိမ်းရောင်ခြယ် သာသနာ့မြေ ဖြစ်နေရပါမည်။

ထိုဝိသုံဂါမသိမ် သမုတ်နိုင်ရန်အတွက် ဂိုဏ်းပေါင်းစုံ သံဃမဟာနာယကအဖွဲ့ကြီးက လက်ခံကျင့်သုံးနေသော ပုဗ္ဗကိစ္စလုပ်ငန်းများ ရှိပါသည်။ ၎င်းတို့မှာ-

(က) အခွန်လွတ်သာသနာ့မြေ ဖြစ်ခြင်း၊

( ခ) အခွန်လွတ်သာသနာ့မြေထဲမှ သိမ်သမုတ် လိုသော မြေကွက်ကို သက်ဆိုင်ရာ(အာရာမ် ပိုင်) ပုဂ္ဂိုလ်တို့က ဂါမဘောဇက (ရွာစား) အဖြစ် ဆောင်ရွက်ရန် သိမ်မိန့်ခံရန် လျှောက် ထားသူ တစ်ဦးတည်းသော သိမ်ဒါယကာ အား သဘောတူခွင့်ပြုခြင်း၊

( ဂ) သိမ်သမုတ်လိုသော မြေကွက်ကို သက်ဆိုင်ရာ (အာရာမ်ပိုင်)ပုဂ္ဂိုလ်မှ နိုင်ငံတော်သို့ ပြန်လည် ပေးအပ်ပြီးဖြစ်ခြင်း၊ (Registration deeds စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်ဖြင့် ပေးအပ်ရပါသည်။)

(ဃ) ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ (ပြည့်ရှင် မင်းသည် တစ်ဦးတစ်ယောက်အား ပိုင်းခြား၍ ပေး၏)၁ ဟူသော ဝိနည်းဒေသနာတော်အရ ရာဇာအရာ၌ တည်သော မြေကို ပိုင်စိုးသော အာဏာပိုင်ပုဂ္ဂိုလ်တို့က ဝိသုံဂါမ(သီးခြားရွာ)

အဖြစ် သတ်မှတ်ခွင့်ပြုခြင်းဟူသော ကြိုတင်ပြုဖွယ်ကိစ္စ (၄)ရပ်ကို ဆောင်ရွက်ပြီး ဖြစ်ရပါမည်။[၂]

## မင်းမိန့်ကြောင့် ကမ္မဝါစာမဖတ်ဘဲ သိမ်ဖြစ်

ကျောင်းဝင်းအတွင်း၌ သိမ်အဆောက်အဦတစ်လုံးစာမျှ ကျယ်ဝန်းသောမြေကွက်ငယ်ကို မင်းအစိုးရထံမှ ဝိသုံဂါမ (သီးခြားရွာ) အဖြစ် ခွင့်ပြုမိန့် ရရှိထားပါက ထိုမြေကွက်သည် ဂါမသိမ် (ဝါ) ဂါမခေတ်(ဝါ) ကျေးရွာအုပ်စုနယ်ထဲမှ သီးခြားရွာအဖြစ် တည်နေပါတော့သည်။

အကြောင်းမှာ ဝိသုံဂါမလျှောက်ထားစဉ်ကျောင်းပိုင် အခွန်လွတ် သာသနာ့မြေမှ ဤမြေကွက်ငယ်ကို ကျောင်းထိုင်ဆရာတော်မှ နိုင်ငံတော်အစိုးရထံသို့ အာလယပြတ် အပြီးအပိုင် စာချုပ်စာတမ်းများဖြင့် မှတ်ပုံတင်၍ စွန့်လွှတ်ထားပြီးဖြစ်သောကြောင့် မင်းအစိုးရမှ ထိုမြေ ကွက်ငယ်ကို အုပ်ချုပ်ရန်သူကြီး (ဝါ) ဂါမ ဘောဇကအဖြစ်လူပုဂ္ဂိုလ်တစ်ဦးဦးအား အမိန့်စာချွန်လွှာဖြင့် ခန့်အပ်ပေးထားပါသည်။

---

၁။ မဟာဝဂ္ဂအဋ္ဌကထာ (နှာ–၃၃၃)

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၉) သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ(နှာ–၇၆)

ဤဝိသုံဂါမ မြေကွက်ငယ်သည် ကျေးရွာ အုပ်စုမှ လွတ်ကင်းကာ သီးခြား အုပ်ချုပ်မှုဖြင့် တည်နိုင်ရန် မင်းအစိုးရမှ သံဃာတော်များအား ဝိနည်းလမ်းကြောင်းအရ ဆောင်ရွက်ပေးထား ခြင်း ဖြစ်ပါသည်။[၁]

မင်းအစိုးရမှ ဂါမဘောဇက ခန့်အပ်ပြီး ဝိသုံဂါမမင်းမိန့်ထုတ်ပြန်ကာ မြေကို သီးခြား သတ်မှတ်ပေးလိုက်သည်နှင့်တပြိုင်နက် ထိုမြေကွက် ငယ်သည် ကမ္မဝါမဖတ်ရဘဲ အလိုလိုပင် အဗဒ္ဓသိမ် ဖြစ်သွားပါတော့သည်။ တစ်နည်းဆိုရသော် ထိုမြေကွက်၌ သံဃာတော်များမှ ကမ္မဝါစာဖြင့် သိမ်မသမုတ်သော်လည်း မင်းမိန့်ကြောင့် သိမ်ဖြစ် နေပါသဖြင့် သံဃာတော်များ ကံပြုလျှင် ကံမပျက် နိုင်တော့ပါ။

ဤမြေကွက်ငယ်၌ ကံဆောင်နေတော်မူသည့် သံဃာတော်များအနေနှင့် ကျေးရွာအုပ်စု နယ် နိမိတ်အတွင်းမှ ဆရာတော် သံဃာတော်များအား လည်းကောင်း၊ ကား၊ ရထားများဖြင့် ရွာနယ်နိမိတ်ကို ဖြတ်သန်းကာ မိမိခရီး မိမိကြွသွားနေသည့် ဆရာ တော် သံဃာတော်များအားလည်းကောင်း သံဃာ စုဝေးရာ ကံဆောင်ရာသို့ ပင့်ဆောင်ရန် မလိုအပ် တော့ဘဲ သံဃာ့ကံကို လွယ်ကူချမ်းသာစွာ ဆောင် နိုင်ပေတော့သည်။

---

၁။ မဟာဝဂ္ဂ အဋ္ဌကထာ (နှာ–၃၃၃)

ပကတိဂါမသိမ်ဖြစ်သော ကျေးရွာအုပ်စုသည် နယ်မြေကျယ်ဝန်းသော်လည်း မင်းမိန့်ဖြင့် ပြဋ္ဌာန်းပေးထားသည့် ဝိသုံဂါမဗဒ္ဓသိမ်ကား နယ်မြေကျဉ်းပါသည်။ ဝိသုံဂါမသိမ်နှင့် ပကတိဂါမသိမ်သည် နယ်မြေအကျဉ်းအကျယ် မတူညီခြင်းမျှသာ ကွာခြားပါသည်။

## မင်းအစိုးရမှ ဝိသုံဂါမဗဒ္ဓသိမ်အမိန့် ပေးနိုင်သည်၊ ရုပ်သိမ်းနိုင်သည်

နိုင်ငံတော်အစိုးရ၏ လုပ်ထုံး၌ ဝိသုံဂါမဗဒ္ဓသိမ်မြေနေရာချထားပေးပြီးလျှင် အစိုးရမှ ပြန်လည်သိမ်းယူနိုင်သည့် ပြဋ္ဌာန်းချက် မရှိပါကြောင်း မှတ်သားဖူးပါသည်။[၁] ထို့ကြောင့်ပင် ဝိသုံဂါမ လျှောက်ထားခြင်းအပေါ် နိုင်ငံတော်အစိုးရမှ အသေးစိတ် စိစစ်နေခြင်းကြောင့် ဝိသုံဂါမဗဒ္ဓသိမ် မိန့်ချထားပေးရန် ကြန့်ကြာနေလေသလော ဟု တွေးထင်နေမိဖူးသည်။

မင်းအစိုးရမှ ဝိသုံဂါမ သတ်မှတ်ပေးခြင်း၏ လိုရင်း ပဓါနအချက်မှာ သံဃာတော်များမှ ချမ်းသာ လွယ်ကူစွာ ကံကြီးကံငယ်ဆောင်နိုင်ရန် အတွက်သာ ဖြစ်ပါသည်။ ဝိသုံဂါမမြေကို အစိုးရမှ မင်းမိန့်ဖြင့် သတ်မှတ်ပေးပြီးနောက် ကံဆောင်

၁။ အထက်မြန်မာပြည် မြေနှင့် အခွန်ညွှန်ကြားချက် ၃၀(၂)။

ပြီးသောအခါ၌ ထိုမင်းမိန့်ကို ပြန်၍ ရုပ်သိမ်းလျှင်လည်း သာသနာတော်အတွက်ဖြစ်စေ၊ မင်းအစိုးရအတွက်ဖြစ်စေ မည်သို့မျှ ထိခိုက်နစ်နာမှုမရှိသကဲ့သို့ အနှောင့်အယှက်လည်း မရှိနိုင်ပါ။

သာဓကပြုရပါမူ ၁၂၄၆-ခုနှစ် သီပေါမင်းလက်ထက်တော် အခါကာလ၌ နန်းတော်အတွင်း ရဟန်းခံပွဲတစ်ခု ကျင်းပရန် ရှိလာပါသည်။ ရဟန်းခံကိစ္စ ပြုနိုင်ရန် နန်းတော်ထဲ၌ပင် ဘုရင်မင်းက ဝိသုံဂါမအမိန့်ပေးပြီး သံဃာတော်များမှ ထိုနေရာ၌ ကံဆောင်တော်မူကြပါသည်။ သံဃာတော်များ ကံဆောင်ခြင်းကိစ္စ ပြီးသည့်အခါ၌ ဝိသုံဂါမအမိန့်ကို ရှင်ဘုရင်မှ ပြန်လည် ရုပ်သိမ်းလိုက်သည်ဟု အဆိုရှိပါသည်။

ထို့ပြင် ဘိုးတော်ဘုရားလက်ထက်ကာလ နန်းမတော်မယ်နုမှ သံဃာတော်များ ရဟန်းခံပုံကို ဖူးမြင်လိုလှ၍ နန်းတော်အတွင်းမှာပင် ဝိသုံဂါမခံစေပြီး ရဟန်းခံဖူးလေသည်။[၁]

ဝိသုံဂါမမြေကို ရှင်ဘုရင်မှ ယခုကဲ့သို့ သတ်မှတ်ပေးနိုင်ပြီး မလိုအပ်သော ကာလ၌လည်း ရှင်ဘုရင်ကပင် ပြန်၍ရုပ်သိမ်းပါက ထိုမြေသည် နဂိုမူလ ပကတိအတိုင်းပင် ပြန်ဖြစ်ပါကြောင်း စံကျောင်းဆရာတော်ဘုရားကြီးမှ အဆုံးအဖြတ်ပေးတော်မူထားပါသည်။

---

၁။ သိမ်မျိုးစုံ မဟာဋီကာကျမ်း (နှာ–၅၇–၆၄–၆၆)။

ဤထုံးကို နှလုံးမူကာ ယနေ့လည်း ပြည်ပိုင်မင်းအစိုးရမှ ဝိသုံဂါမသိမ်မိန့်ချကာ ပေးနိုင်သကဲ့သို့ အကယ်၍ လိုအပ်လာလျှင် ပြန်လည်၍လည်း ထိုအမိန့်ကို ရုပ်သိမ်းနိုင်ပါသည်။ သို့သော် ဝိသုံဂါမ ခွင့်ပြုပေးသည့် အခိုက်၌ သိမ်သမုတ်ထားလျှင်မူ ဝိသုံဂါမဗဒ္ဓသိမ်အမိန့်သိမ်းလျှင်လည်း ထိုသိမ်မှာ မပျက်ဘဲ တည်မြဲ တည်နေနိုင်ပါသည်။

## မင်းအစိုးရနှင့် ဝိသုံဂါမသိမ်မြေ

သို့သော် အချို့သာသနာပြုမင်းများမှာ သဒ္ဓါတရား ထက်သန်လှသဖြင့် ဝိသုံဂါမ ဗဒ္ဓသိမ်မြေ သတ်မှတ်ခွင့် ပြုပေးသည့်အပြင် မြေကိုပါ အပြီးအပိုင် ပေးလှူကြပါသည်။ ထို့ကြောင့် နှောင်းကာလ ကြာသောအခါ၌မူ ဝိသုံဂါမဗဒ္ဓသိမ်မြေ ဟူသည် မင်းအစိုးရမှ ပေးလှူဒါန်းမှသာလျှင် ဖြစ်နိုင်သည်ဟု ယူဆလာကြဟန် တူပါသည်။

ယနေ့ မြန်မာနိုင်ငံတော်အစိုးရအဆက်ဆက်တို့၏ လက်ထက်၌လည်း ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်ကို အထူးပြင်ဆင်ထားသည့်ပုံစံ Land Revenue 11 / Grants 1B အရ ထုတ်ပေးပါသည်။ ယင်းဂရန်မြေကို အလိုရှိပါက အစိုးရမှ ပြန်လည်သိမ်းယူရန် ပြဋ္ဌာန်းချက်မရှိသောကြောင့် ဝိသုံဂါမ

ဗဒ္ဓသိမ်မြေသည် နိုင်ငံတော်အစိုးရမှ သာသနာတော်အတွက် အပြီးအပိုင် လှူဒါန်းခြင်းပင်ဖြစ်ပါသည်။[၁]

ပြည်ထဲရေးဝန်ကြီး၏ အခွန်လွတ် ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည့် အမိန့်ကို ရရှိပြီးသောအခါ၌ ခရိုင်အုပ်ချုပ်ရေးမှူး (Collector) အရာရှိသည် ဝိသုံဂါမရွာစားခန့်ထားသည့် ဗဒ္ဓသိမ်မိန့်ကို ထုတ်ပေးပါသည်။ သို့သော် ကိုယ်တိုင်ခွင့်ပြုခြင်း မဟုတ်ပေ။ ဝန်ကြီး၏ ခွင့်ပြုချက်ကို ထပ်ဆင့် လက်မှတ်ရေးထိုးပေးရခြင်း ဖြစ်ပါသည်။

ဥပဒေအရ ပြောရပါမူကား ခရိုင်အုပ်ချုပ်ရေးမှူးသည် ဝိသုံဂါမဗဒ္ဓသိမ် Grant ထုတ်ပေးနိုင်သောအာဏာပိုင် (Licening authority) သာ ဖြစ်ပြီး ခွင့်ပြုနိုင်သည့် (Sancting authority) မဟုတ်ပေ။[၂]

သို့သော် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးမှုသည် ထေရဝါဒ ပိဋကတ်တော်၏ ညွှန်းဆိုချက်နှင့် ပြည့်ပြည့်ဝဝ ခိုင်ခိုင်လုံလုံရှိလှပါသဖြင့် သံဃာတော်များမှ သံသယမရှိကြပါ။ မင်းအစိုးရ၏ ဆောင်ရွက်ပေးမှုသည် သင့်မြတ်သော လျော်ကန်ကောင်းမွန်သော ဆောင်ရွက်မှုပင် ဖြစ်ပါသည်။

သို့သော် ဝိသုံဂါမဗဒ္ဓသိမ်မြေပတ္တာ (Patta) ပေးရာ၌ ရေမြေ့ရှင်မှသာ ပေးနိုင်သည်မဟုတ်။

---

၁။ အထက်မြန်မာပြည် မြေနှင့် အခွန် ညွှန်ကြားချက် ၃၀(၂) ပုံစံ (အောက်မြန်မာပြည် မြို့နယ်ကျေးရွာမြေများဥပဒေ (နှာ–၁၁၅)

၂။ ဦးကျော် ညွှန်ကြားရေးမှူး(ငြိမ်း)၏ မြေယာအုပ်ချုပ်မှုယန္တရားနှင့် အသုံးချမြေယာဥပဒေများ (နှာ–၄၉)

ရှင်ဘုရင်အမိန့်ကိုရသော ဘုရင်ခံ၊ မဟာမင်းကြီး၊ အတွင်းဝန်၊ အရေးပိုင်၊ အယုတ်ဆုံးအားဖြင့် နယ်ကိုပေါင်း၍ ခွဲ၍ သူကြီးခန့်နိုင်ခွင့်ရှိသော နယ်ပိုင်ဝန်ထောက်များမှပင် ပေးနိုင်သည်ဟု မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးမှ ဆုံးဖြတ်ပေးတော်မူထားပါသည်။[၁]

## သံသယကင်းရှင်းသည့် ဝိသုံဂါမသိမ်

ဝိသုံဂါမဗဒ္ဓသိမ်ဂရန် ပေးခြင်း၏ ပဓာန အကျဆုံး၊ အရေးအကြီးဆုံး အကျိုးကျေးဇူးမှာ ထိုခွင့်ပြုမြေပေါ်၌ သံဃာတော်များမှ သိမ်သမုတ်နေစဉ်ကာလ နယ်အတွင်း ရောက်ရှိနေသည့် ခရီးသွားအာဂန္တုသံဃာ အပါအဝင် ထိုနယ်အတွင်း ကျောင်းတိုက်များစွာမှ သံဃာတော်များအား သိမ်သမုတ်ရာသို့ မစုဝေးရဘဲ၊ ဆန္ဒလည်းမတောင်းခံရဘဲ သိမ်သမုတ်ခွင့်ရှိနေခြင်းပင် ဖြစ်ပါသည်။ ဤသို့ သမုတ်ခွင့်ရသောသိမ်သည် သာသနာတော်၌ သံသယကင်းရှင်းသောသိမ် ဖြစ်သောကြောင့် မင်းအစိုးရ၏ ဝိသုံဂါမဗဒ္ဓသိမ် ခွင့်ပြုမိန့်သည် သာသနာတော်အတွက် ဖော်မပြနိုင်လောက်အောင်ပင် ကျေးဇူးများလှပါသည်။

---

၁။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်၊ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး (နှာ–၁၈၁)

## ဝိသုံ့ဂါမသိမ်မိန့် ခက်ခဲကြန့်ကြာ

သို့သော် ဝိသုံဂါမဗဒ္ဓသိမ်မိန့် လျှောက်ထားသည့် ရုံးလုပ်ငန်းမှာ အလွန်များနေပါသဖြင့် ဝိသုံဂါမသိမ်မိန့်လျှောက်ထားရန် ဆရာတော်သံဃာတော်များမှ ဝန်လေးနေတတ်ကြပါသည်။ အကြောင်းမှာ ဝိသုံဂါမသိမ်မိန့်ရရှိရန် ခက်ခဲသည်ဟု ဆရာတော် သံဃာတော်တို့မှာ တစ်သဘောတည်း နားလည်တော်မူထားကြပါသည်။

ဝိသုံဂါမသိမ်မိန့် လျှောက်ထားရာတွင် ဤသို့ကြန့်ကြာတတ်သည်ကို သိထားပြီးဖြစ်သည်က တစ်ကြောင်း၊ မြို့ကြီးပြကြီးများ၌ (၂၄) နာရီ ကား၊ ရထားဖြင့် သံဃာတော်များ သွားလာနေသည်က များသဖြင့် နယ်သိမ်းရာတွင်လည်း အခက်အခဲများစွာ ရှိနေသည်ကတစ်ကြောင်းတို့ကြောင့် အချို့မြို့နယ်များ၌ အစိုးရမှဘုန်းတော်ကြီးကျောင်းဆောက်လုပ်နိုင်ရန် မြေနေရာချထားပေးခြင်းကိုပင် အစိုးရကပေးသည်ဖြစ်၍ ဝိသုံဂါမဗဒ္ဓသိမ် ခွင့်ပြုမိန့်ရပြီဟု နှလုံးသွင်းတော်မူသည့် သံဃာတော်များလည်း ယနေ့ရှိလာပါသည်။

အစိုးရမှ ကျောင်းဇရပ်ဆောက်လုပ်ရန် ခွင့်ပြုပေးသောမြေသည် မူလသူကြီးပိုင် ဒိုင်နယ်ပင်ဖြစ်နေသည်ကတစ်ကြောင်း၊ မြေပိုင်လာဘသိမ်အဖြစ်ကို ရည်ရွယ်၍ ပေးလှူသည်ကတစ်ကြောင်း

တို့ကြောင့် ဝိသုံဂါမသိမ်ဟု မယူရပေ။[၁] ဤမိန့်ကြားချက်အတိုင်းပင် သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့ဖူးသည်။ ကျီဝန်ဆရာတော်ဘုရားကြီး၊ နန်းဦးဆရာတော်ဘုရားကြီး၊ သံယုတ်ဆရာတော်ဘုရားကြီးတို့မှာလည်း မအပ် ဟူ၍ပင်ဆုံးဖြတ်တော်မူခဲ့ဖူးကြသည်။[၂]

သို့သော် ထေရဝါဒ ပိဋကတ်တော်ကို မျက်ကွယ်ပြုပြီး ထိုထိုမြို့နယ်များ၌ နယ်လည်းမသိမ်း၊ ဝိသုံဂါမဗဒ္ဓသိမ်လည်း တရားဝင်မလျှောက်တော့ဘဲ သိမ်သမုတ်နေကြသည်ကို မြင်တွေ့ကြားသိရသော အခါ၌ ဆရာတော် သံဃာတော် မထေရ်မြတ်ကြီးများမှာ စိတ်နှလုံး မချမ်းမသာ ဖြစ်နေကြရပါသည် အနာဂတ် သာသနာတော်ကြီးအတွက်လည်း ဤသိမ်ကိစ္စကြောင့် ဝန်လေးဖွယ်ရာ ဖြစ်လာပါသည်။

## သိမ်မအောင်လျှင် သာသနာပျောက်ကွယ်မည်

ထေရဝါဒသာသနာတော် ပိဋကတ်တော်များ၏ အထောက်အထား အဆိုအမိန့်များနှင့် မညီညွတ်ဘဲ ဖြစ်ပေါ်လာသည့်သိမ်သည် သိမ်

၁။ ဆရာတော်ဦးသောဘိတ၏ သီမာယတ္တဝိနိစ္ဆယကျမ်း(နှာ-၂၁၂)
၂။ ကျွန်းရွာတောရဆရာတော်ဘုရားကြီး၏ သိမ်မျိုးစုံမဟာဋီကာကျမ်းကြီး (နှာ-၂၆၄)
အရှင်သုဓမ္မာစာရာဘိဝံသ၏ ဂါမာသီမာဒိဝိနိစ္ဆယ

မမည်တော့ပေ။ သာသနာတော်၏ ရေသောက်မြစ် သဖွယ်ဖြစ်သည့် သိမ်၏ အောင်မအောင်၊ မှန် မမှန် ကိစ္စမှာ လွန်စွာ အရေးကြီးလှပါသည်။ မအောင်သောသိမ်၌ ပြုသမျှ ကံကြီးကံငယ် တို့သည် မအောင်မြင်တော့ပါ။ ရဟန်းခံသော ပုဂ္ဂိုလ်သည်လည်း ရဟန်းမဖြစ်ပါ။ ရဟန်းမဟုတ် သူကို ရဟန်းဟုမှတ်ကာ ကိုးကွယ်ကြလျှင် သံဃာ အရေး ဝန်လေးဘွယ်တည်း။[၁] ထို့ကြောင့် သိမ် မဟုတ်သည်ကို သိမ်ဟု ယူကြခြင်းမှာ သာသနာ တော်အတွက် အလွန်အမင်းပင် ရင်လေးစရာ ကောင်းသော အခြေအနေသို့ ဦးတည်နေပါသည်။

## ဆရာတော်ကြီးတို့၏ ဆန္ဒတော်

နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့မှ ဖွဲ့စည်း တာဝန်ပေးတော်မူခဲ့သည့် နယ်သိမ်းသမုတ်မှုဆိုင်ရာ ဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်ကြီးတို့၏ ဆန္ဒတော် မှာလည်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား ရေးကို ကြိုးစားနေကြသော ဆရာတော် သံဃာတော် များအပြင် သာသနာပြု မင်းအစိုးရများနှင့် ဗုဒ္ဓ ဘာသာဝင် သူတော်စင် ဒါယကာ ဒါယိကာမ အားလုံးတို့သည် မိမိတို့ဉာဏ်စွမ်းရှိသမျှ မင်း အစိုးရမှ ဝိသုံဂါမသိမ်မိန့်ကို ကြန့်ကြာမှုမရှိဘဲ

၁။ နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၉) သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ(နှာ–၉)

လွယ်ကူစွာ ချမှတ်ပေးနိုင်ရေးအတွက် တင်ပြ အကြံပြုခြင်း၊ အကူအညီပေးခြင်း စသည်တို့ဖြင့် သာသနာတော် တည်တံ့ရေးအတွက် လေးလေး နက်နက် သဘောထားကာ ဆောင်ရွက်နိုင်ပါ စေကြောင်း သတိပေးတိုက်တွန်းလိုက်ရပေသည် ဟု ထိုသိမ်သမုတ်မှုဆိုင်ရာဝိနိစ္ဆယ၌ ရေးသား ဖော်ပြထားပါသည်။[၁]

## ရဟန်းနှင့် သိမ်

သာသနာ့ဝန်ထမ်း ရဟန်းတော်ဟူသည် သိမ်အတွင်းမှသာ ဖြစ်ခွင့်ရှိပါသည်။ သိမ်ရှိ သော်လည်း သိမ်မအောင်လျှင်မူ ထိုသိမ်မှရဟန်း မဖြစ်လာနိုင်တော့ပေ။ သာသနာ့ဝန်ထမ်း ရဟန်း အစစ်များ မရှိတော့ခြင်းသည် သာသနာ ဆိတ် သုဉ်းခြင်းပင် ဖြစ်ပေတော့သည်။ ထို့ကြောင့် ပိဋကတ်တော်များနှင့် ညီညွတ်သည့်သိမ် ရှိနေ မှသာ သံဃာအဆက် ရှိနေမည်ဖြစ်ပါသည်။ သာသနာ့ဝန်ထမ်းမည်သော သံဃာအဆက် ရှိမှသာလျှင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာ တော်ရှည်ကြာ ကမ္ဘာတည်နေနိုင်ပေမည်။

---

၁။ နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့၊ နယ်သိမ်းသမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ (နှာ–၄၀)၊ သာသနာရေးဦးစီးဌာန။

## ရာဇနီတိ

ထို့ကြောင့် ဝိသုံဂါမဗဒ္ဓသိမ်မိန့်ကို လျှောက်ထားလာခြင်းအပေါ် သက်ဆိုင်ရာ ဌာနများမှ လိုအပ်သလို စိစစ်မှုပြုကာ ကြန့်ကြာမှုမရှိနိုင်သည့် နည်းလမ်းဖြင့် ရာဇနီတိအရ သာသနာ့အရေးကို ဆောင်ကြဉ်းပေးနိုင်ပါလျှင်မူ ဤဆောင်ရွက်မှုသည် မြန်မာမင်းအစိုးရတို့အတွက် အလွန်အကဲထူးမြတ်လှစွာသော သာသနာပြုကုသိုလ်ထူးကြီးဖြစ်ပေတော့သည်။

## မြေအမျိုးအစား

ယခုဆက်လက်ပြီး ဝိသုံဂါမဗဒ္ဓသိမ်မြေလျှောက်ထားနိုင်ရန် ဦးစွာ မြေအမျိုးအစားကို ဖော်ပြပါမည်။

မင်းအစိုးရထံသို့ ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်ထားနိုင်ရန်အတွက် ရှေးဦးစွာ အခွန်လွတ် သာသနာ့မြေဂရန် လက်ဝယ်ရှိထားရပါမည်။ ထိုအခွန်လွတ် သာသနာ့မြေဂရန် လက်ဝယ်ရှိရန်အတွက်မှာမူ ကနဦးကပင် အခွန်လွတ် သာသနာမြေ လျှောက်ထားရမည်။ အခွန်လွတ် သာသနာမြေ လျှောက်ထားနိုင်သည့်မြေသည် နိုင်ငံတော်၏ မြေယာဥပဒေ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည့်

ဘုန်းတော်ကျောင်းပိုင်မြေ ဖြစ်ရပါမည်။ ထို့ကြောင့် မြေအမျိုးအစား အမျိုးမျိုးကို ဦးစွာ သိရှိထားရန် လိုအပ်ပါသည်။

၁။ နေပြည်တော်စည်ပင်သာယာရေး ကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြို့မြေ၊
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြို့မြေ၊
၃။ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြို့မြေ၊
၄။ မြေစာရင်းဦးစီးဌာန၏ စီမံခန့်ခွဲခွင့် ရှိသောမြေ၊
၅။ သစ်တောဦးစီးဌာန၏ စီမံခန့်ခွဲခွင့် ရှိသောမြေ၊
၆။ မြို့မြေပုံပေါ်တွင် ဘုန်းတော်ကြီးကျောင်း မြေအဖြစ် အစိမ်းရောင်ခြယ်ထားသည့် သာသနာ့မြေ၊
၇။ အခွန်လွတ်သာသနာ့မြေ၊
၈။ ဝိသုံဂါမဗဒ္ဓသိမ်မြေ၊
၉။ မြေပိုင်မြေ၊
၁၀။ ဘိုးဘပိုင်မြေ၊
၁၁။ ဂရန်ရှိမြေပိုင်မြေ၊
၁၂။ လိုင်စင်မြေ၊
၁၃။ ပါမစ်မြေ၊

၁၄။ မြေငှားဂရန်မြေ၊

၁၅။ စက္ကာတာမြေ၊

၁၆။ ကျူးလွန်ခြင်းမြေ၊

၁၇။ ကျူးကျော်မြေ၊

၁၈။ လယ်မြေ၊

၁၉။ ယာမြေ၊

၂၀။ စားကျက်မြေနှင့်

၂၁။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့ ဖြစ်ပါသည်။

## အခွန်လွတ်သာသနာမြေဂရန် လျှောက်ထားရန်မလိုဘဲ ဝိသုံဂါမဗဒ္ဓသိမ်မြေအဖြစ် လျှောက်ထားခွင့်ရှိသည့်မြေ

အင်္ဂလိပ်မင်းများ လက်ထက်ကာလကလည်းကောင်း၊ ရှေးမြန်မာမင်းများ လက်ထက်ကလည်းကောင်း၊ ရှေးရှေးနိုင်ငံတော် အစိုးရမင်းများ အဆက်ဆက်ကာလကပင် ဘုန်းတော်ကြီး ကျောင်းမြေအဖြစ် သတ်မှတ်ခဲ့ပြီး မြို့မြေပုံပေါ်တွင် အစိမ်းရောင်ခြယ်ထားသည့် သာသနာ့

---

ကျမ်းညွှန်း

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ၂၃-၁-၂-၁၇ ရက်စွဲပါ အစည်းအဝေးမှတ်တမ်း (၃။၂-၁၇) ဆုံးဖြတ်ချက်အပိုဒ်-၆။ (က။၄၂) အရယာယီ အတည်ပြုထားသည့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

မြေအတွက် ဝိသုံဂါမဗဒ္ဓသိမ်မြေ တိုက်ရိုက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် မင်းအစိုးရ၏ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ရရှိထားသည့် ဘုန်းတော်ကြီးကျောင်းများ အတွက်လည်း ဝိသုံဂါမဗဒ္ဓသိမ်မြေကို ဆက်လက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

## အခွန်လွတ် သာသနာမြေဂရန် ရရှိပြီးမှ ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်ကို လျှောက်ထားခွင့် ရှိသည့်မြေ

မြေပိုင်မြေနှင့် ဘိုးဘပိုင်မြေအတွက် ဝိသုံ ဂါမဗဒ္ဓသိမ်မြေကို တိုက်ရိုက်လျှောက်ထားခွင့် မရှိ သောကြောင့် ရှေးဦးစွာ အခွန်လွတ် သာသနာ့ မြေကို လျှောက်ထားရပါမည်။ တည်ဆဲမြေယာ ဥပဒေနှင့်အညီ အခွန်လွတ်သာသနာ့မြေ ခွင့်ပြု မိန့်ရရှိပြီးပါက ထိုအခွန်လွတ် သာသနာ့မြေဂရန် အမိန့်နှင့် မြေပုံအထောက်အထားများ အပါအဝင် သတ်မှတ်ထားသည့် ထောက်ခံချက်များ ပြည့်စုံ စွာဖြင့် ဝိသုံဂါမဗဒ္ဓသိမ်မြေကို လျှောက်ထား နိုင်မည် ဖြစ်ပါသည်။

မြေပိုင်မြေဆိုသည်မှာ မြို့တော်နယ်နိမိတ် အတွင်း စနစ်တကျ မြို့ကွက်ဖော်ထုတ်ကာ ရောင်း ချခဲ့၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေပိုင်ရှင်အခွင့်အရေး

အဆင့်အတန်းရှိသည့်မြေကို ဆိုလိုပါသည်။

ဘိုးဘပိုင်မြေ ဆိုသည်မှာ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁၀)အရ ဘိုးဘွားမိဘ လက်ထက်ကပင် ဓားမဦးချ ပိုင်ဆိုင်လာ၍ လွှဲပြောင်း ဆက်ခံခွင့်ရှိသော မစိုက်ပျိုးသည့်မြေကို ဆိုလိုပါသည်။

မူလကနဦး မြေပိုင်မြေ သို့မဟုတ် ဘိုးဘပိုင်မြေကို ဥပဒေနှင့်အညီရရှိထားသော ပုဂ္ဂိုလ်ကဘာသာ၊ သာသနာအကျိုး သုံးစွဲနိုင်ရန်အတွက် အခွန်လွတ်သာသနာ့မြေ လျှောက်ထားနိုင်ပါသည်။ တည်ဆဲမြေယာ ဥပဒေနှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ရရှိထားသော မြေအတွက်လည်း ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် ရရှိရေးအတွက် ဆက်လက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

## လယ်မြေ၊ ယာမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောမြေ

နိုင်ငံတော်အစိုးရ၏ မြို့မြေပုံပေါ်တွင် အစိမ်းရောင်ခြယ်ထားသည့် မြေပေါ်၌ တည်ရှိသည့် ဘုန်းတော်ကြီးကျောင်းအတွက် အခွန်လွတ်သာသနာမြေ လျှောက်ထားရန်မလိုအပ်တော့ဘဲ ဝိသုံဂါမဗဒ္ဓသိမ်မြေကို တိုက်ရိုက် လျှောက်ထားနိုင်ပါသည်။

မြေပိုင်မြေ၊ ဘိုးဘပိုင်မြေပေါ်၌ တည်ရှိသည့် ဘုန်းတော်ကြီးကျောင်းများ အတွက်မှာမူ ဝိသုံဂါမဗဒ္ဓ သိမ်မြေကို တိုက်ရိုက်လျှောက်၍ မရသေးပါ။ ဦးစွာ အခွန်လွတ်သာသနာ့မြေကို လျှောက်ထားရပါမည်။

လယ်မြေ၊ ယာမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောမြေပေါ်၌ တည်ရှိသည့် ဘုန်းတော်ကြီးကျောင်းအတွက်မှာမူ ဝိသုံဂါမဗဒ္ဓသိမ်မြေလည်း လျှောက်ခွင့်မရှိသေးသကဲ့သို့ အခွန်လွတ် သာသနာ့မြေကိုလည်း လျှောက်၍ မရသေးပါ။

ရှေးဦးစွာ လယ်မြေ၊ ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိရေးအတွက်လည်းကောင်း၊ စားကျက်မြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့အတွက် စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ကို လည်းကောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအတွက် အစိုးရကခွင့်ပြုသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်းကောင်း ဦးစွာ လျှောက်ထားရပါမည်။ တည်ဆဲ မြေယာဥပဒေများနှင့် အညီစိစစ်ပြီးနောက် ခွင့်ပြုမိန့်ရရှိပြီးမှသာ ဘုန်းတော်ကြီး ကျောင်းအတွက် အခွန်လွတ်သာသနာ့မြေကို ဆက်လက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

သစ်တောမြေအတွက်လည်း သစ်တောမြေအဖြစ်မှ ပယ်ဖျက်ခွင့်ကို ဦးစွာ လျှောက်ထားရပါမည်။ ပယ်ဖျက်မိန့်ရရှိပြီးမှသာ ဘုန်းတော်ကြီးကျောင်းအတွက် အခွန်လွတ်သာသနာ့မြေကို ဆက်လက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

## လယ်မြေ၊ ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားခြင်း

ဦးစွာ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိနိုင်ရန် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (လယ်ယာမြေပုံစံ-၇)ကို ထုတ်ပေးမည် ဖြစ်ပါသည်။ (စာမျက်နှာ-၈၉၊ ၉၀)

လယ်ယာမြေကို တည်ဆဲလယ်ယာမြေဥပဒေနှင့်အညီ ပိုင်ဆိုင်ထားသည့် ဒါယကာ၊ ဒါယိကာမများက ဘုန်းတော်ကြီးကျောင်းမြေအဖြစ် လှူဒါန်းနိုင်မည် ဖြစ်ပါသည်။ ထိုမြေကိုသာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်အတွက် အောက်ပါအတိုင်း လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

---

ကျမ်းညွှန်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေဥပဒေ (၂၀၁၂) The Farmland Law (၂၀၁၂)

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေလွတ်၊မြေနှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂) The Vaccant, Fallow and Virgin lands Management Law (၂၀၁၂)

လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် ဟူသည် ယခင်အခါကာလက လန-၃၉ ခွင့်ပြုမိန့် ဟု လူသိများခဲ့သော လုပ်ထုံးလုပ်နည်းပင် ဖြစ်ပါသည်။ ထိုဥပဒေကို ပြင်ဆင်ကာ ၂၀၁၂- ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် -၁၁ ကို ပြဋ္ဌာန်းခဲ့သဖြင့် ယင်းဥပဒေ ပုဒ်မ ၃၀(က)၊ ၃၀(ခ) တို့အရ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

ဤဥပဒေပုဒ်မ ၃၀(က)တွင် "လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမာလ် စိုက်ပျိုးသည့် ခြံမြေဟု သတ်မှတ်သည့်မြေများကို ဆိုလိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ် အတွင်းရှိ လူနေအိမ်များ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်ပါ" ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်နှင့် ပတ်သက်၍ လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ခွင့်ပြုနိုင်ပြီး လယ်မြေမှ တစ်ပါးသောမြေကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုနိုင်ပါသည်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာ (ပုံစံ-၁၄)ဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ သက်သေခံမြေပုံ (၂)ပုံ ပူးတွဲတင်ပြပြီး လျှောက်ထားရပါမည်။ (စာမျက်နှာ-၉၃)

လျှောက်လွှာ (ပုံစံ-၁၄) လျှောက်ထားရာတွင် သက်သေခံမြေပုံ ပါဝင်ရမည် ဖြစ်သောကြောင့် ရှေးဦးစွာ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ မြေပုံရေးကူးခွင့် (ပုံစံ-၁၀၃)ဖြင့် လျှောက်ထားရပါသည်။ (စာမျက်နှာ-၉၁)

## တောရမြိုင်ပျော် အရှင်မြတ်များ

ဝိနည်းသီလတော်မြတ်ကို ဦးထိပ်ပန်ဆင်ကာ အာရညကင်ဓုတင်ကို ဥက္ကဋ္ဌအဆင့် ဆောက်တည်နိုင်ရန်အတွက် မြို့ရွာကိုစွန့်ကာ တောရမြိုင်၌ ပျော်တော်မူကြသည့် ထေရ်ရှင်မြတ်တို့သည် ကျေးရွာများနှင့် နှစ်မိုင်၊ သုံးမိုင်ခန့်ဝေးပြီး လူသူတိတ်ဆိတ်သည့် တောတန်း တောင်တန်းများပေါ်၌ ကမ္မဋ္ဌာန်းကျောင်းများ ဆောက်လုပ်ကာ သီတင်းသုံးတော်မူတတ်ကြပါသည်။ ကြောင့်ကြဗျာပါကင်းစွာဖြင့် နေတော်မူလိုကြသည့် အရှင်ကောင်းတို့၏ ကျောင်းမြေသည် မည်သည့်

မြေအမျိုးအစားဖြစ်ကြောင်း သတိမမူမိဘဲလည်း ဖြစ်နေတတ်ပါသည်။

နိုင်ငံတော်အစိုးရ၏ မြေပုံပေါ်၌မူ ထိုအရှင်၏ ကျောင်းအမည်မပေါ်ဘဲ စားကျက်မြေ(ဝါ)သစ်တောမြေ(ဝါ) မြေလွတ်၊ မြေလပ်၊ မြေရိုင်းဟု ပေါ်ကောင်း ပေါ်နေပေလိမ့်မည်။

ထိုမြေပေါ်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ အဝေးပြေး ကားလမ်းမကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ပျံကွင်း စသည်တို့ကို ဖောက်လုပ်ရန်အတွက်လည်းကောင်း၊ စီမံကိန်းတစ်စုံတစ်ခု အကောင်အထည်ဖော်ရန်အတွက်လည်းကောင်း လိုအပ်လာပါက လူနေအိမ်ခြေနှင့် ဝေးကွာသည့် မြေလွတ်၊ မြေလပ်တို့ကိုသာ ရွေးချယ်သတ်မှတ်လေ့ရှိပါသည်။ ထိုအခါ တောရပျော်ထေရ်ရှင်များ၏ ကျောင်းမြေပျောက်ဆုံးခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ် သာဓကများ မြန်မာနိုင်ငံ တစ်နံတစ်လျား၌ များစွာ ကြုံဖူးလှပေပြီ။

ဤနေရာတွင် မင်းအစိုးရ၏ အပြစ်ဟု မဆိုသာပါ၊ ထိုတောတန်းတောင်တန်း တစ်နေရာ၌ ထိုအရှင်မြတ် တောရဆောက်တည်တော်မူသောကျောင်းသည် နိုင်ငံတော်၏ မြေပုံပေါ်၌ သာသနာ့မြေဟု မှတ်တမ်းတင်ခံထားခြင်း မရှိခြင်းကသာ အဓိကဖြစ်ပါသည်။ ဤသို့ မှတ်တမ်း

တင်နိုင်ရန် မင်းအစိုးရ၌ တာဝန်မရှိဘဲ သက်ဆိုင်ရာ ဒါယကာများ၏ တာဝန်ဖြစ်ပေသည်။

အကယ်၍ ထိုမြေအတွက် သာသနာ့မြေဂရန်အမိန့် လက်ဝယ်မရရှိသေးစေကာမူ ဥပဒေနှင့်အညီ သာသနာ့မြေအဖြစ် လျှောက်ထားဆဲဖြစ်နေလျှင်ပင် တော်သေး၏။

ယခုအခါ နိုင်ငံတစ်ဝန်း မြေယာနှင့် စပ်လျဉ်းသည့် အရှုပ်အထွေး များပြားနေပါသဖြင့် အရှင်မြတ်များအနေဖြင့် သက်ဆိုင်ရာဒါယကာတို့ကို ကြောင့်ကြမဲ့မနေကြရန် တိုက်တွန်းရပါမည်။ ထို့အပြင် သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနသို့ ဆက်သွယ်ကာ ကျောင်းတည်ရှိရာမြေနေရာအမျိုးအစားကို ခွဲခြားသိရှိထားရန်လည်း လိုအပ်ပါသည်။ တစ်ဖက်တွင်လည်း သက်ဆိုင်ရာ မြို့နယ်သံဃနာယက ဆရာတော်များထံပါးသို့ ချဉ်းကပ်ခါ ဩဝါဒခံယူပြီး မြို့နယ်၏ ဝါဆိုသံဃာစာရင်းဝင်ကျောင်း ဖြစ်နိုင်ရန်ကိုလည်း အားထုတ်ထားရန် လိုအပ်ပါသေးသည်ဘုရား။

## စားကျက်မြေကို ပယ်ဖျက်ခွင့် လျှောက်ထားခြင်း

တောရကျောင်းများနှင့် ကမ္မဋ္ဌာန်းရိပ်သာများသည် ကျေးရွာများ၏အပြင်၌ ရှိတတ်ပါသည်။

ထိုကျောင်းများ၊ ရိပ်သာများတည်ရှိရာမြေသည် ရှေးယခင်ကတည်းကပင် စားကျက်မြေဟု သတ်မှတ်ထားပြီးလည်း ဖြစ်နေတတ်သည်။ ထိုမြေမျိုးကို အခွန်လွတ် သာသနာရေးဆိုင်ရာ မြေဂရန် လျှောက်ထားသောအခါ ရှေးဦးစွာ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ရမည် ဖြစ်ပါသည်။ စားကျက်မြေမှ ပယ်ဖျက်နိုင်ရန်အတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် မြေစာရင်းဦးစီးဌာနက ရေးဆွဲပေးထားသော သက်သေခံမြေပုံ -၂ ပုံတို့ကို ပူးတွဲလျက် ခရိုင်အုပ်ချုပ်ရေးမှူးထံ လျှောက်ထားရမည်ဖြစ်ပါသည်။ စားကျက်မြေ ပယ်ဖျက်ခွင့်ရရှိပြီးပါက သာသနာ့မြေဂရန် ရရှိရေးအတွက် မြေယာဥပဒေများအတိုင်း ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## သစ်တောမြေကို ပယ်ဖျက်ခွင့် လျှောက်ထားခြင်း

တောရကျောင်းများနှင့် ကမ္မဋ္ဌာန်းရိပ်သာများသည် ကျေးရွာများ၏အပြင် တောတန်းတောင်တန်းပေါ်၌လည်း ရှိတတ်ပါသည်။ ထိုကျောင်းများ၊ ရိပ်သာများ တည်ရှိရာမြေသည် ယခုအခါ သစ်ပင်ကြီးများမရှိစေကာမူ နိုင်ငံတော်၏ မြေပုံပေါ်၌ သစ်တောမြေ ဖြစ်နေတတ်ပါသည်။

ထိုမြေမျိုးကို အခွန်လွတ် သာသနာ့မြေ လျှောက် ထားနိုင်ရန် ရှေးဦးစွာ သစ်တောကြိုး ဝိုင်းမြေ အဖြစ်မှ ပယ်ဖျက်ခွင့် ရရှိရေးအတွက် သယံဇာတ နှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်း ရေးဝန်ကြီး ဌာန၊ သစ်တောဦးစီးဌာနသို့ လျှောက်ထားရပါမည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ သစ်တော ကြိုးဝိုင်းမြေ အဖြစ်မှ ပယ်ဖျက်ခွင့်အမိန့်ရရှိပြီးမှသာ သာသနာ့ မြေဂရန် ရရှိရေးအတွက် လုပ်ငန်းစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## မြေလွတ်၊ မြေလပ်၊ မြေရိုင်း အသုံးပြုခွင့် လျှောက်ထားခြင်း

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းပေါ်၌ တည်ရှိသော ဘုန်းတော်ကြီးကျောင်းအတွက် အခွန်လွတ် သာသနာ့မြေ လျှောက်ထားလိုပါက အစိုးရကခွင့်ပြုသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့် လျှောက်လွှာဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ သတ်မှတ် (ပုံစံ-၄)ဖြင့် လျှောက်ထားရပါမည်။ (စာမျက်နှာ-၉၄၊ ၉၅)

# မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြို့မြေ

နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြို့မြေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြို့မြေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြို့မြေနှင့် မြေစာရင်းဦးစီးဌာနတို့၏ စီမံခန့်ခွဲခွင့်ရှိသောမြေ၌ ရှိသည့် ဘုန်းတော်ကြီးကျောင်းများအတွက် ရှေးဦးစွာ ဘုန်းတော်ကြီးကျောင်းမြေအဖြစ် လျှောက်ထားရပါမည်။ အဆိုပါဌာနမှ မြေပေးမိန့် ရရှိပြီးမှသာ အခွန်လွတ်သာသနာ့မြေကို လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

## အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်း

အခွန်လွတ်သာသနာ့မြေဂရန် ဆိုသည်မှာ သာသနာရေး၊ သာသနာမှုအလို့ငှာ တည်ဆဲဥပဒေနှင့်အညီ မြေယာအပိုင် ပတ္တာစာချုပ်ဖြင့် သတ်မှတ်ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။ (၁၈၇၆-ခုနှစ် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်တော် နည်းဥပဒေများ၊ နည်းဥပဒေ ၃၂၊ ၃၃၊ ၃၆

နှင့် ၁၈၉၈-ခုနှစ် အောက်မြန်မာနိုင်ငံမြို့နှင့်ရွာမြေ နည်းဥပဒေများ နည်းဥပဒေ ၅ ၊ ၅၁ နှင့် ၅၄)

ဝိသုံဂါမဗဒ္ဓသိမ်မြေ ဆိုသည်မှာ သာသနာမြေအတွင်း ဘာသာ၊ သာသနာမြေကိစ္စအတွက် အသုံးပြုရန်အလို့ငှာ လူပုဂ္ဂိုလ်ကသာ လျှောက်ထားခွင့်ရှိသည့်မြေကို ဆိုသည်။

ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ ဝိသုံဂါမသိမ်အဖြစ် အသုံးပြုရန် အသီးအခြား မြေပေးအမိန့်ဖြင့် သတ်မှတ်ထုတ်ပေးလိုက်သည့် လက်မှတ်ကို ဆိုလိုသည်။ (အောက်မြန်မာနိုင်ငံ မြေခွန်တော်နည်း ဥပဒေများ နည်းဥပဒေ-၃၄ နှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ရွာမြေ နည်းဥပဒေများ နည်းဥပဒေ-၅၂)

မြို့မြေပုံပေါ်တွင် အစိမ်းရောင်ခြယ်ထားသည့် သာသနာ့မြေမှအပ မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြို့မြေပေါ်၌လည်းကောင်း၊ မြေစာရင်းဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသော မြေအပါအဝင် လယ်မြေ၊ ယာမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ သစ်တောမြေပေါ်၌လည်းကောင်း ရှိသည့် ဘုန်းတော်ကြီးကျောင်းအနေဖြင့် ထိုကျောင်းတည်ရာမြေသည် ဥပဒေလုပ်ထုံးလုပ်နည်းအရ ဘုန်းတော်ကြီးကျောင်းမြေဖြစ်ကြောင်း အထောက်အထားများ လက်ဝယ်ပိုင်ပိုင်ရှိပြီး ဖြစ်ရပါမည်။

ဥပမာ - ယာယီမြေပေးမိန့်၊ တရားရုံး ကျမ်းကျိန်လွှာ၊ သစ်တောမြေ အဖြစ်မှ စွန့်လွှတ်သည့် အမိန့်စာ၊ စားကျက်မြေကို ပယ်ဖျက်သည့် အမိန့်စာ စသည်တို့ကို ဆိုလိုပါသည်။ ထိုအမိန့်စာကို မိတ္တူကူးပြီး သက်သေခံမြေပုံ ရေးကူးခွင့်ကို ဦးစွာ လျှောက်ထားရပါမည်။(စာမျက်နှာ-၉၁၊ ၉၂)

ထိုထိုပုဗ္ဗကိစ္စအဝဝကို ဆောင်ရွက်ပြီးစီးထားသည့်မြေအတွက် အခွန်လွတ် သာသနာ့မြေကို ဆက်လက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

အခွန်လွတ် သာသနာ့မြေဂရန် ခွင့်ပြုမိန့် ရရှိပြီးလျှင် ဝိသုံဂါမဗဒ္ဓသိမ်ဂရန်အမိန့်ကို ဆက်လက် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် အခွန်လွတ် သာသနာ့မြေ လျှောက်ထားပုံကို ပြည့်စုံစွာ ဖော်ပြပါမည်။ အခွန်လွတ် သာသနာ့မြေ လျှောက်ထားသည့် ဥပဒေ လုပ်ထုံးလုပ်နည်းကို နားလည်ထားသူအဖို့ ဝိသုံဂါမဗဒ္ဓသိမ်ဂရန် လျှောက်ရမည့်နည်းလမ်းမှာ များစွာ အခက်အခဲရှိတော့မည် မဟုတ်ပါ။

လေ့လာဆောင်ရွက်ရာတွင် လွယ်ကူစေရန်အလို့ငှါ စာနမူနာပုံစံငယ် (၁ မှ ၃၈) ဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြပေးထားပါသည်။

စာနမူနာ၊ ၁-က

တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မြေစာရင်းဦးစီးဌာန၏ စီမံခန့်ခွဲခွင့်ရှိသော မြေဖြစ်သောကြောင့် သက်သေခံမြေပုံ ရေးကူးခွင့်ကို မြို့နယ်မြေစာရင်းဦးစီးဌာနသို့ မြေပုံရေးကူးခွင့်ပုံစံ-၁၀၃ ဖြင့် လျှောက်ထားရပါမည်။

စာနမူနာ၊ ၁-ခ

နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြို့မြေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြို့မြေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြို့မြေတို့၏ နယ်နိမိတ်အတွင်း တည်ရှိပါက နေပြည်တော်နှင့် သက်ဆိုင်ရာမြို့တော်စည်ပင် သာယာရေးကော်မတီသို့ သက်သေခံ မြေပုံရေးကူးခွင့်ကို သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရပါမည်။

စာနမူနာ-၂

ခရိုင်ရုံးစိုက်ရာ မြို့ဖြစ်ပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ အခွန်လွတ် သာသနာ့မြေ တိုက်ရိုက် လျှောက်ထားရမည်။ ခရိုင်ရုံးစိုက်ရာ မဟုတ်ပါက မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ အခွန်လွတ် သာသနာ့မြေ လျှောက်ထားရပါမည်။ (လျှောက်ထားရာတွင် ပါဝင်ရမည့်အကြောင်းအရာများမှာ (စာနမူနာ-၃မှ-၃၄) အထိ ဖြစ်ပါသည်။)

စာနမူနာ-၃

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသောမြေသည် ဘုန်းတော်ကြီးကျောင်းပိုင်မြေဖြစ်ကြောင်း ခိုင်လုံသည့် စာအထောက်အထား၏ မိတ္တူ။

စာနမူနာ-၄

သက်ဆိုင်ရာဌာနမှ (စာနမူနာ၊ ၁-က) သို့မဟုတ် (စာနမူနာ၊ ၁-ခ) အရ ရေးဆွဲပေးခဲ့သည့် အခွန်လွတ် သာသနာ့မြေ လျှောက်ထားမြေနေရာ၏ သက်သေခံမြေပုံ (၂) ပုံ။

စာနမူနာ-၅

ရပ်ကွက်၊ ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ အခွန်လွတ် သာသနာ့မြေ လျှောက်ထားခြင်းအပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ် ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၆

မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ အခွန်လွတ် သာသနာ့မြေလျှောက်ထားခြင်းအပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၇

တိုင်းဒေသကြီး (သို့) ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ အခွန်လွတ် သာသနာ့မြေလျှောက်ထားခြင်းအပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၈

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်းအပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၉

မြို့နယ်သာသနာရေးဦးစီး အရာရှိ၏ အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်းအပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၁၀

ခရိုင်သာသနာရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး၏ အခွန်လွတ်သာသနာ့မြေလျှောက်ထားခြင်း အပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၁၁

တိုင်းသာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၏ အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်းအပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၁၂

မြို့နယ်မီးသတ်ဦးစီးဌာန၏ အခွန်လွတ်သာသနာ့မြေလျှောက်ထားခြင်း အပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၁၃

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာန၏ အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်း အပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေး ထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၁၄

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အခွန်လွတ် သာသနာ့မြေလျှောက်ထားခြင်း အပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၁၅

မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၏ အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်း အပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ်ရိုက်ပြီး လက်မှတ်ရေး ထိုးထားသည့် ထောက်ခံချက်။

စာနမူနာ-၁၆

မြို့နယ် လမ်းဦးစီးဌာန (သို့) ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ အခွန်လွတ် သာသနာ့မြေလျှောက်ထားခြင်း အပေါ် သဘောတူထောက်ခံကြောင်း ရုံးတံဆိပ် ရိုက်ပြီး လက်မှတ်ရေးထိုးထားသည့် ထောက် ခံချက်။

စာနမူနာ-၁၇

အခွန်လွတ်သာသနာ့မြေ လျှောက်ထား ခြင်းအပေါ် ရပ်ကွက်ကျေးရွာ အုပ်စုအုပ် ချုပ်ရေးမှူး၏ ရှေ့မှောက်တွင် ပတ်ဝန်း ကျင် အနားလေးရပ်၏ သဘောတူကြောင်း ထောက်ခံချက်။

စာနမူနာ-၁၈

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်ကျောင်း၏ ကျောင်းထိုင်ဆရာတော်၏ မိန့်ကြားချက်။

စာနမူနာ-၁၉

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်ကျောင်း၏ ကျောင်းသမိုင်းအကျဉ်း။

စာနမူနာ-၂၀

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်ကျောင်း၏ သံဃာစာရင်း။

စာနမူနာ-၂၁

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်ကျောင်း၏ သာသနိကအဆောက်အဦများစာရင်း။

စာနမူနာ-၂၂

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်ကျောင်း၏ သာသနိက အဆောက်အဦများ၏ တည်နေရာပြ မြေပုံကြမ်း။

စာနမူနာ-၂၃

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်ကျောင်း၏ သာသနိကအဆောက်အဦများ၏မှတ်တမ်းဓာတ်ပုံများ။

စာနမူနာ-၂၄

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်မြေ၏ မြေခွန်တော်အဆ (၂၀) ငွေသွင်းချလံ မူရင်း။

စာနမူနာ-၂၅

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသူလူပုဂ္ဂိုလ်၏ မှတ်ပုံတင်မိတ္တူ (သို့) ဆရာတော်၏ သာသနာဝင်ကဒ်ပြား မိတ္တူ။

စာနမူနာ-၂၆

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသူလူပုဂ္ဂိုလ်၏အိမ်ထောင်စုဇယား ပုံစံ-၆၆/၆ ၏ မိတ္တူ။

စာနမူနာ-၂၇

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်မြေ၏ တည်နေရာပြမြေပုံ။

စာနမူနာ-၂၈

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်မြေ၏ အညွှန်းပြမြေပုံ။

စာနမူနာ-၂၉

အခွန်လွတ် သာသနာ့မြေ လျှောက်ထားသည့်မြေ၏ ပတ်ဝန်းကျင်ပြမြေပုံ။

စာနမူနာ-၃၀

အခွန်လွတ် သာသနာ့မြေ လျှောက်ထားသည့်မြေ၏ ကောင်းကင်ပြမြေပုံ။

စာနမူနာ-၃၁

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်မြေ၏ (၁) မိုင်ပတ်လည် တည်နေရာပြမြေပုံ။

စာနမူနာ-၃၂

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်မြေ၏ (၁)မိုင်ပတ်လည် အညွှန်းပြမြေပုံ။

စာနမူနာ-၃၃

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်မြေ၏ (၁)မိုင်ပတ်လည် ပတ်ဝန်းကျင်ပြမြေပုံ။

စာနမူနာ-၃၄

အခွန်လွတ်သာသနာ့မြေ လျှောက်ထားသည့်မြေ၏ (၁)မိုင်ပတ်လည် ကောင်းကင်ပြမြေပုံ။

## ဝိသုံ့ဂါမဗဒ္ဓသိမ်မြေ လျှောက်ထားခြင်း

ဆက်လက်ပြီး ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်ထားရမည့် လုပ်ထုံးလုပ်နည်းကို ဖော်ပြပါမည်။ ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် ဆိုသည်မှာ တည်ဆဲဥပဒေနှင့်အညီ ဝိသုံဂါမသိမ်မြေအဖြစ် အသုံးပြုရန် အသီးအခြား မြေပေးအမိန့်ဖြင့် သတ်မှတ်ထုတ်ပေးလိုက်သည့် လက်မှတ်ကို ဆိုလိုပါသည်။ (အောက်မြန်မာနိုင်ငံ မြေခွန်တော် နည်းဥပဒေများနည်းဥပဒေ ၃၄ နှင့် အောက် မြန်မာနိုင်ငံမြို့နှင့်ရွာမြေနည်း ဥပဒေများနည်း ဥပဒေ ၅၂)

ဝိသုံဂါမဗဒ္ဓသိမ်မြေသည် အခွန်လွတ် သာသနာ့မြေအတွင်း ပါဝင်ရမည်ဖြစ်ပြီး ဘာသာ၊ သာသနာကိစ္စအတွက် အသုံးပြုနိုင်ရန်အလို့ငှာ ဂါမဘောဇကဖြစ်သည့် လူပုဂ္ဂိုလ်ကသာ လျှောက်ထားခွင့် ရှိပါသည်။

ဝိသုံဂါမ ဗဒ္ဓသိမ်မြေ လျှောက်ထားရာတွင် မင်းအစိုးရမှ အခွန်လွတ် သာသနာ့မြေဂရန် အမိန့်ချထားပေးပြီးသည့်မြေ ဖြစ်ရပါမည်။ ထို့အပြင် ဗဒ္ဓသိမ်သမုတ်ရန် လျှောက်ထားသော မြေကို နိုင်ငံတော်အစိုးရသို့ ပြည်လည်အပ်နှံကြောင်း မှတ်ပုံတင်စာချုပ်စာတမ်း (Registation deed) ပြုလုပ်ရပါသည်။ သက်ဆိုင်ရာ ကျောင်းထိုင်ဆရာတော်က စာချုပ်စာတမ်းဖြင့် အပ်နှံရခြင်းမှာ ထိုမြေကို နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ပြန်လည် ရရှိစေရန်နှင့် သီးခြားရွာအဖြစ် သတ်မှတ်ပြီး သိမ်ဒါယကာအား သီးခြားရွာစားအဖြစ် ခန့်အပ်ပေးနိုင်ရန် ဖြစ်ပါသည်။

ပုဗ္ဗကိစ္စအနေဖြင့် အခွန်လွတ် သာသနာ့မြေ လျှောက်ထားရာတွင် ပါဝင်သည့် (စာနမူနာ-၃ မှ ၃၄) အထိ လုပ်ထုံးလုပ်နည်း ဥပဒေသများ အတူတူဖြစ်ပြီး ဝိသုံဂါမဗဒ္ဓ သိမ်မြေအတွက် (စာနမူနာ-၃၅) မှ (စာနမူနာ-၃၈) အထိ လုပ်ဆောင်ဖွယ်ရာအသစ် တိုးပါသည်။

စာနမူနာ-၃၅

ဂါမဘောဇကဖြစ်သည့် လူပုဂ္ဂိုလ် ဒါယကာတစ်ဦး၏ ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်လွှာ။

စာနမူနာ-၃၆

မင်းအစိုးရမှ ချမှတ်ပေးထားသည့် အခွန်လွတ် သာသနာ့မြေဂရန် အမိန့်စာ၏ မိတ္တူ။

စာနမူနာ-၃၇

ဆောက်လုပ်မည့် သိမ်အဆောက်အဦပုံ အပြည့်အစုံ။

စာနမူနာ-၃၈

အခွန်လွတ်သာသနာ့မြေ အတွင်း၌ ပါဝင်သည့် ဝိသုံဂါမသိမ်မြေနေရာကို နိုင်ငံတော်အစိုးရထံသို့ ကျောင်းထိုင်ဆရာတော်မှ အာလယပြုတ် စွန့်လွှတ်ကြောင်း ရေစ္စရီ မှတ်ပုံတင်စာချုပ် Registration deeds မူရင်း။

# အခွန်လွတ်သာသနာ့မြေ လျှောက်လွှာနှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်လွှာ၌ပါဝင်ရမည့် အချက်အလက်များ

| စဉ် နံပါတ် | အကြောင်းအရာ | အခွန်လွတ် သာသနာ့ မြေ | ဝိသုံဂါမ ဗဒ္ဓသိမ် မြေ |
|---|---|---|---|
| က-ဃ | သက်သေခံမြေပုံနေရာပြမြေ | ✔ | ✔ |
| ခ-ခ | သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ | ✔ | ✔ |
| ၂ | လျှောက်လွှာ | ✔ | ✔ |
| ၃ | ကျောင်းမြေမြေပုံကြောင်း ဇယားတွက်ချက်ထား | ✔ | ✔ |
| ၄ | သက်သေခံ မြေပုံ (၂)ပုံ | ✔ | ✔ |
| ၅ | ရပ်/ကျေး သာသနာရေးအသင်း၏ ထောက်ခံချက် | ✔ | ✔ |
| ၆ | မြို့နယ်သံဃနာယက၏ ထောက်ခံချက် | ✔ | ✔ |
| ၇ | တိုင်း/ပြည်နယ် သံဃနာယကအဖွဲ့၏ ထောက်ခံချက် | ✔ | ✔ |
| ၈ | ရပ်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် | ✔ | ✔ |
| ၉ | မြို့နယ်သာသနာရေးဦးစီးအရာရှိ၏ ထောက်ခံချက် | ✔ | ✔ |
| ၁၀ | ခရိုင်သာသနာရေးဦးစီးအရာရှိ၏ ထောက်ခံချက် | ✔ | ✔ |
| ၁၁ | တိုင်း/ပြည်နယ်သာသနာရေးဦးစီးအရာရှိ၏ ထောက်ခံချက် | ✔ | ✔ |
| ၁၂ | မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက် | ✔ | ✔ |
| ၁၃ | မြို့နယ်လျှပ်စစ်ဦးစီးဌာန၏ ထောက်ခံချက် | ✔ | ✔ |
| ၁၄ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက် | ✔ | ✔ |
| ၁၅ | မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက် | ✔ | ✔ |
| ၁၆ | မြို့နယ်လယ်မြေဦးစီးဌာန၏ ထောက်ခံချက် | ✔ | ✔ |
| ၁၇ | အနီးအနားနေရှင်၏ သဘောတူကြောင်းထောက်ခံချက် | ✔ | ✔ |
| ၁၈ | ကျောင်းထိုင်ဆရာတော်၏ မိန့်ကြားချက် | ✔ | ✔ |
| ၁၉ | ကျောင်း၏ ကျောင်းသမိုင်းအကျဉ်း | ✔ | ✔ |
| ၂၀ | ကျောင်းသံဃာစာရင်း | ✔ | ✔ |

# အခွန်လွတ်သာသနာ့မြေ လျှောက်လွှာနှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေ လျှောက်လွှာ၌ပါဝင်ရမည့် အချက်အလက်များ

| စဉ် နံပါတ် | အကြောင်းအရာ | အခွန်လွတ် သာသနာ့ မြေ | ဝိသုံဂါမ ဗဒ္ဓသိမ် မြေ |
|---|---|---|---|
| ၂၁ | ကျောင်းမြေရှိ သာသနိကအဆောက်အအုံစာရင်း | ✔ | ✔ |
| ၂၂ | သာသနိကအဆောက်အအုံများ တည်နေရာပြမြေပုံကြမ်း | ✔ | ✔ |
| ၂၃ | သာသနိက အဆောက်အအုံမှတ်တမ်းဓါတ်ပုံ | ✔ | ✔ |
| ၂၄ | မြေနှင့်ပတ်သက်သော(၂၀)နှစ်တွင်း [illegible] | ✔ | ✔ |
| ၂၅ | မှတ်ပုံတင်မိတ္တူ (သို့)သာသနာ့ဝင်ကဒ်ပြား မိတ္တူ | ✔ | ✔ |
| ၂၆ | [illegible] မိတ္တူ | ✔ | ✔ |
| ၂၇ | လျှောက်ထားမြေ၏ တည်နေရာပြမြေပုံ | ✔ | ✔ |
| ၂၈ | လျှောက်ထားမြေ၏ အကွက်ပြမြေပုံ | ✔ | ✔ |
| ၂၉ | လျှောက်ထားမြေ၏ ပတ်ဝန်းကျင်ပြမြေပုံ | ✔ | ✔ |
| ၃၀ | လျှောက်ထားမြေ၏ ကောင်းကင်ပြမြေပုံ | ✔ | ✔ |
| ၃၁ | လျှောက်ထားမြေ၏ (၁)မိုင်ပတ်လည်တည်နေရာပြမြေပုံ | ✔ | ✔ |
| ၃၂ | လျှောက်ထားမြေ၏ (၁)မိုင်ပတ်လည် အကွက်ပြမြေပုံ | ✔ | ✔ |
| ၃၃ | လျှောက်ထားမြေ၏ (၁)မိုင်ပတ်လည် ပတ်ဝန်းကျင်ပြမြေပုံ | ✔ | ✔ |
| ၃၄ | လျှောက်ထားမြေ၏ (၁)မိုင်ပတ်လည် ကောင်းကင်ပြမြေပုံ | ✔ | ✔ |
| ၃၅ | [illegible] ဂါမသာ၏ လျှောက်လွှာ | ✘ | ✔ |
| ၃၆ | အခွန်လွတ် သာသနာ့မြေအမိန့်မိတ္တူ | ✘ | ✔ |
| ၃၇ | ဆောက်လုပ်မည့် သိမ်အဆောက်အဦပုံစံ | ✘ | ✔ |
| ၃၈ | ဝိသုံဂါမသိမ်မြေနေရာကို [illegible] မှတ်ပုံတင်[illegible] | ✘ | ✔ |

## ဦးကြည်တင်၏ နိဒါန်းနှင့် အာသီသ

တစ်နေ့သောညနေပိုင်း၌ မိတ်ဆွေတစ်ဦးထံမှ တယ်လီဖုန်းသတင်းတစ်ခု ဝင်လာပါသည်။ လယ်ဝေးမြို့နယ်၊ သပြေပင်စံပြကျေးရွာ၊ ရန်ကင်းတောရကျောင်းဆရာတော်က မိမိအား တွေ့ဆုံလိုကြောင်းနှင့် အရေးကြီးကိစ္စ ဖြစ်ဟန်တူကြောင်း သတင်းဖြစ်ပါသည်။

နောက်တစ်ရက်တွင် ရန်ကင်းတောရကျောင်းသို့သွား၍ ဆရာတော်နှင့် တွေ့ဆုံခဲ့ပါသည်။ ဆရာတော်ထံပါး ဝမ်းမြောက်ဝမ်းသာစွာ ပဋိသန္ထာရစကားများပြောကြားပြီးနောက် ဒကာကြီးနှင့် တွေ့ဆုံလို၍ မှာကြားလိုက်သည်မှာ "ဒီကိစ္စဖြစ်ပါတယ်" ဟု မိန့်ကြားကာ ဆရာတော်ပြုစုရေးသားထားသော "အခွန်လွတ် သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ" တတိယအကြိမ် ပုံနှိပ်ထားသည့် စာအုပ်ကို ပြသပါသည်။

ထို့နောက် ဆရာတော်က ဆက်လက်၍ သာသနာတော်တွင် သိမ်၏အရေးပါပုံ၊ သိမ်အမျိုးမျိုး ရှိသည်တွင် ဝိသုံဂါမသိမ်ကို ဆရာတော်ကြီးများ နှစ်သက်ကြပုံ စသည့် သိမ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ကျယ်ပြန့်စွာ ရှင်းပြပြီး၊ ဒကာကြီးအနေနှင့် မိမိ၏ဤစာအုပ်၌ လိုအပ်သည့်

အပိုင်းရှိပါက ပိုမိုပြည့်စုံအောင် ရေးသားပေးခြင်းဖြင့် သာသနာတော်အတွက် အကျိုးပြုပေးစေလိုကြောင်း မိန့်ကြားပြီး ထိုစာအုပ်ကို ကျွန်ုပ်အား ပေးအပ်ခဲ့ပါသည်။

ကျွန်ုပ်လည်း အာမဝန္တာခံပြီး ထိုစာအုပ်ကို ယူလျက် ဆရာတော်ကို ဝပ်ချကာပြန်လာခဲ့ပါသည်။ အိမ်ပြန်ရောက်၍ သေချာစွာဖတ်ကြည့်သောအခါ ဆရာတော်သည် သိမ်ကိစ္စနှင့်ပတ်သက်၍ များစွာ ကြိုးပမ်းရေးသားထားသည်ကို တွေ့ရပါသည်။ သာသနာ့သမိုင်းဝင် အထင်ကရဆရာတော်ဘုရားကြီးများ၏ လိုလားချက်၊ အာသီသများ၊ မိန့်ကြားချက်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၀)၏ ဝိနိစ္ဆယ စာတမ်းပါဖော်ပြချက်များ၊ ဝိနည်းဓိုရ် ဆရာတော်ကြီးများ၏ လိုလားချက်များ အပါအဝင် ရှေးဘုရင်မင်းမြတ်များ လက်ထက်က ဆောင်ရွက်ခဲ့သည့် သာဓကများကိုပင် ဖော်ပြထား၍ ယနေ့ခေတ် ဆောင်ရွက်နေသော လုပ်ထုံးလုပ်နည်းများကိုပါ ရောမွှေလျက် ပြည့်စုံစွာ သပ်စေ့နှက် ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။

သို့ဖြစ်ပေရာ ကျွန်ုပ်အနေဖြင့် တစ်စုံတစ်ရာ ဖြည့်စွက်ရေးသားရန် မရှိတော့သလောက် ဖြစ်နေ

ပါသည်။ ဆရာတော်၏ ရှေ့မှောက်မှာလည်း ရေးသားပေးပါမည်ဟု ဝန်ခံခဲ့ပြီးဖြစ်သည့်အတွက် ဘယ်လိုများရေးပေးရရင်ကောင်းမလဲဟု အထပ်ထပ် စဉ်းစားပြီးသည်၏အဆုံး၌ ကြံရာမရဖြစ်ကာ ဆရာတော်စာအုပ်တွင် ပါဝင်ပြီးသည့် အချက် များပင် ဖြစ်သော်ငြားလည်း အခွန်လွတ် သာသနာ့ မြေဂရန်၊ ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို အစမှအဆုံးထိ မူရင်းဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များကို ကိုးကား လျက် အစီအစဉ်အတိုင်း ရေးသားရန် ဆုံးဖြတ်လိုက် ပါသည်။

ထို့အပြင် ၂၀၁၂-ခုနှစ်က ပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေနှင့်နည်းဥပဒေများအရ လယ်ယာ မြေကို အခြားနည်းဖြင့် အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စားကျက်မြေဖြစ်ပါက မည်သို့ မည်ပုံ ပယ်ဖျက်ရကြောင်းတို့ကိုပါ ဖြည့်စွက်၍ ရေးသားဖော်ပြထားပါသည်။ အထိုက်အလျောက် ရည်ညွှန်းပြု ကိုးကားသုံးစွဲနိုင်ကြပါစေခလိုဝ်။

k k k k k

# မြေစီမံခန့်ခွဲခြင်း

အခွန်လွတ် သာသနာ့မြေဂရန်၊ ဝိသုံဂါမ ဗဒ္ဓသိမ်မြေဂရန်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက မြေယာစီမံခန့်ခွဲခြင်းနှင့် မြေခွန်တော်အုပ်ချုပ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ မြေယာစီမံခန့်ခွဲသည်ဟုဆိုရာတွင် မြေအမျိုးမျိုးရှိသဖြင့် မြေယာအားလုံးကို ဆောင်ရွက်ပေး၍မရပါ။

ပြည်ထဲရေးဝန်ကြီးဌာနက လုပ်ပိုင်ခွင့်ရှိသော မြေများမှာ အဓိကအားဖြင့် မြို့မြေ၊ ကျေးရွာမြေနှင့် စားကျက်မြေတို့သာ ဖြစ်ပါသည်။ ထိုမြေ အမျိုးအစားတို့ဖြစ်ပါက သာသနာရေးဆိုင်ရာ ဂရန်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ထုတ်ပြန်ပေးပါသည်။ အကယ်၍ ထိုမြေမျိုး မဟုတ်ဘဲ လယ်ယာမြေ၊ သစ်တောမြေ၊ မြေလွတ်မြေလပ်၊ မြေရိုင်းများဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်များ ရှေးဦးစွာ ရယူပြီးမှသာ ပြည်ထဲရေးဝန်ကြီးဌာန (အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန)က ဆောင်ရွက်၍ရပါသည်။

ထို့ကြောင့် သာသနာရေးဆိုင်ရာ ဂရန်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသည်ဟုဆိုရာတွင် မိမိဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် မြေကိုသာ

ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း ရှေးဦးစွာ ဖော်ပြအပ်ပါသည်။

## စတင်လျှောက်ထားခြင်း

အခွန်လွတ် သာသနာ့မြေဂရန်လျှောက်ထားလွှာကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးထံ လိပ်မူ၍ လျှောက်ထားရပါသည်။ အကယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးထံ လျှောက်ထားခဲ့ပါက မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ ဆက်လက်ပေးပို့ တင်ပြရပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူးအား လျှောက်ထားမြေသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရန်နှင့် ကန့်ကွက်ချက်များရှိပါက ကြားနာပြီး ပြန်လည်အစီရင်ခံရန် လွှဲအပ်ညွှန်ကြားနိုင်ပါသည်။

အခွန်လွတ်သာသနာ့မြေ လျှောက်ထားရာတွင် အောက်ပါအချက်များနှင့် ပြည့်စုံရပါသည်-

(က) လျှောက်ထားသူသည် ဂေါပကအဖွဲ့ (သို့မဟုတ်) သာသနာရေးရာ အဖွဲ့အစည်း (သို့မဟုတ်) ကျောင်းထိုင်ဘုန်းတော်ကြီးဖြစ်ရပါမည်၊

(ခ) လျှောက်လွှာပေါ်တွင် ရုံးခွန်တော် တံဆိပ်ခေါင်း ( )ကျပ်တန် ကပ်ရပါမည်၊

(ဂ) လျှောက်လွှာနှင့်အတူ ဆောက်လုပ်ပြီး (သို့မဟုတ်) ဆောက်လုပ်မည့် ကျောင်းများ၊ ဇရပ်များ၏ပုံများကို ရှေ့တည့်တည့်မှ မြင်ရသော ပုံနှင့် ဘေးတိုက်မြင်ရသောပုံ တစ်ပုံစီ ပူးတွဲပါရှိရပါမည်၊

(ဃ) လျှောက်လွှာနှင့်အတူ မြေစာရင်း ဦးစီးဌာနက ရေးဆွဲပေးသော အသိအမှတ်ပြု လျှောက်ထားမြေ၏ မြေပုံ (မြေစာရင်းပုံစံ ၁၀၅) ၂ ပုံနှင့် (ပုံစံ ၁၀၆) ပူးတွဲ ပါရှိရပါမည်။

(င) ယင်းမြေပုံ ၂-ပုံအနက် ၁-ပုံတွင် ဦးပိုင် တစ်ခုစီအတွက် ၂၀-တန် ရုံးခွန်တော် တံဆိပ်ခေါင်း ကပ်လျက် ရှိရပါမည်၊

(စ) အကယ်၍ အခွန်လွတ်သာသနာ့ မြေဂရန် လျှောက်ထားသော မြေသည် လက်ဝယ်ထားရှိနိုင်သော မြေ (တစ်နည်း) ဦးပိုင်ပေါက်မြေ (သို့မဟုတ်) ဘိုးဘပိုင်မြေဖြစ်လျှင် ယင်း

မြေပိုင်ဆိုင်ခွင့်ရှိသူက အစိုးရသို့ ပြန်လည်အပ်နှံကြောင်း စာချုပ်စာတမ်း မှတ်ပုံတင် ပြုလုပ်၍ တင်ပြရပါမည်။ ယင်းမြေသည် ဂရန်ရရှိထားသော မြေဖြစ်လျှင် စာချုပ်စာတမ်း မှတ်ပုံတင်ပြုလုပ်ရန် မလိုသော်လည်း အစိုးရသို့ ပြန်လည်အပ်နှံကြောင်း ကြေညာစာတမ်း ပြုလုပ်တင်ပြရမည်။

## အုပ်ချုပ်ရေးမှူးရုံးက ဆောင်ရွက်ခြင်း

လျှောက်လွှာလက်ခံရရှိသော ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ခံစာရေးသည့် လျှောက်လွှာတွင် ဖော်ပြရမည့် အချက်အလက်များ ပြည့်စုံခြင်း ရှိ/မရှိ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိတို့ကို စိစစ်ပြီး ပြည့်စုံပါက အမှုတွဲဖွင့်လှစ်ခြင်း၊ မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းတို့ကို ဆောင်ရွက်၍ ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

ထို့နောက် မြေရာဇဝင်၊ မြေအမျိုးအစား၊ ကျသင့်သည့်အခွန်၊ လျှောက်ထားသောမြေသည် မြို့မြေအတွင်း ကျရောက်၍ အစိုးရက ပေးပိုင်ခွင့်

ရှိသောမြေ ဟုတ်/မဟုတ်၊ လျှောက်ထားသော မြေသည် လယ်ယာမြေဖြစ်ပါက ကင်းလွတ်ခွင့် ရပြီး/မပြီး၊ လျှောက်ထားသောမြေ၏ ကာလ တန်ဖိုးနှင့် ယင်းမြေအတွက် အခွန်စည်းကြပ်လျှင် ကျသင့်မည့်အခွန်၏ အဆ ၂၀ ပေါင်းရကိန်း မည်မျှ စသည်တို့ကို စိစစ်တွက်ချက်တင်ပြပေးရန် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ အမှုတွဲကို လွှဲပြောင်း ပေးပို့ရပါသည်။

{လျှောက်လွှာအား စိစစ်ခြင်း၊ အမှုတွဲ ဖွင့်လှစ်ခြင်း၊ မြေစာရင်းဌာန၏ စိစစ်တင်ပြမှု ရယူခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့သည် နယ်ပိုင်၊ မြို့ပိုင် ရုံးလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အောက် မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။}

မြေစာရင်းဦးစီးဌာနမှ မြေရာဇဝင်နှင့် အခြားစိစစ်ချက်များကို အမှုတွဲနှင့်တကွ ပြန်လည် ရရှိသောအခါ ကန့်ကွက်လွှာ ခေါ်ယူခြင်း၊ လျှောက်ထားသူများထံမှ ထွက်ဆိုချက်များကို ရယူခြင်း၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ပတ်ဝန်းကျင် နေထိုင်သူများ

ထံမှ ထွက်ဆိုချက်များ ရယူခြင်း၊ သက်ဆိုင်သည့် ဘုန်းတော်ကြီး၏ မိန့်မှာချက်များ ရယူခြင်း၊ ကျန်းမာရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ စည်ပင်သာယာရေး စသည့် ရှုထောင့်အသီးသီးမှ လိုအပ်ချက်များရှိပါက လိုအပ်သလို ပြင်ဆင်နိုင်ရန် သက်ဆိုင်ရာဌာနများ၏ သဘောထားများ ရယူခြင်းနှင့် သာသနာရေးဦးစီးဌာန၊ သံဃနာယကအဖွဲ့တို့၏ သဘောထားများ ရယူခြင်းတို့ကို ဆောင်ရွက်ပြီး ကော်လိတ္တော်အရာရှိ/လက်ထောက်ကော်လိတ္တော်အရာရှိတို့သည် မြေစာရင်းဝန်ထမ်းများနှင့်အတူ အလားလေးရပ်ဖော်ပြမှု၊ မှန်ကန်ခြင်း ရှိ/မရှိ၊ အငြင်းပွားကိစ္စ ရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေးရပါသည်။ ဤသို့ဖြင့် ဥပဒေ၊ နည်းဥပဒေများအရ အားလုံးပြည့်စုံစွာ ဆောင်ရွက်ပြီးပါက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုမိန့်ရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တင်ပြရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်အုပ်ချုပ်ရေးမှူး၏ အစီရင်ခံစာနှင့်တကွ အမှုတွဲကို လက်ခံရရှိသောအခါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးဦးစီးဌာန နှင့် သံဃနာယကအဖွဲ့တို့ထံမှ သဘောထားများ

ရယူပြီး တိုင်းဒေသကြီး/ ပြည်နယ် အစိုးအဖွဲ့၏ သဘောထားကိုပါရယူကာ အမှုတွဲကို အစီရင်ခံစာ နှင့်တကွ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) သို့ ဆက်လက်တင်ပြပါသည်။

အထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်သည် လိုအပ်သောစိစစ်မှုများ ပြုလုပ်ပြီး ပြည့်စုံကြောင်း တွေ့ရှိ၍ ခွင့်ပြုပေးရန် ကျေနပ်မှု ရှိပါက အခွန်လွတ်သာသနာ့ဂရန် ထုတ်ပေးရန် အမိန့်ကြော်ညာစာ ထုတ်ပြန်၍ အမှုတွဲကို မူလ တက်လာသည့် လမ်းကြောင်းအတိုင်း အဆင့်ဆင့် ပြန်လည်ချပေးပါသည်။

ခွင့်ပြုမိန့်နှင့်တကွ အမှုတွဲကို ပြန်လည် ရရှိသော ခရိုင်အုပ်ချုပ်ရေးမှူးသည် အခွန်လွတ် ဂရန်ကို ဂရန်ပုံစံ $\frac{\text{Land Revenue II}}{\text{Grant 1}}$ ဖြင့် ထုတ်ပေး ပါသည်။ ဤသို့ အဆင့်ဆင့် ဆောင်ရွက်ခြင်းဖြင့် အခွန်လွတ်သာသနာ့ဂရန်မှာ လျှောက်ထားသူ၏ လက်ဝယ်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထို့နောက် မြေစာရင်းဌာနက သက်ဆိုင်ရာမှတ်ပုံတင်စာအုပ်တွင် မှတ်သားခြင်း၊ အုပ်ချုပ်ရေးဌာနက အမှုတွဲ ပိတ်သိမ်းခြင်း၊ ထိန်းသိမ်းခြင်းတို့မှာ သက်ဆိုင်ရာ ဌာန၏ လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ရန်သာ ရှိပါတော့သည်။

## သိမ်ဂရန်ထုတ်ပေးခြင်းအကြောင်း

ဗုဒ္ဓဘာသာရဟန်းတော်များသည် ဘုရားရှင်ဟောကြားတော်မူခဲ့သော အာဏာဒေသနာ (ဝိနည်းတရားတော်) နှင့်အညီ ဥပသမ္ပဒ ကံဆောင်ခြင်း၊ ဥပုသ်ပဝါရဏာပြုခြင်း စသည့် ကံကြီးကံငယ်ဆောင်နိုင်ရန်အလို့ငှာ၊ ဗုဒ္ဓသာသနာတော်တွင် မရှိမဖြစ်လိုအပ်သော အရာမှာ "သိမ်" ပင် ဖြစ်ပါသည်။ သိမ်နှင့်ပတ်သက်၍ အဓိပ္ပာယ် ဖော်ပြချက်၊ ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ်၊ ဂါမသိမ်၊ သိမ်သမုတ်ခြင်းအကြောင်း စသည်ဖြင့် သိသင့်သိထိုက်ရာ အဖြာဖြာကို အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၏ "အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ" စာအုပ်တွင် ပြည့်စုံစွာ ဖော်ပြပြီးဖြစ်၍ ဤနေရာတွင် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်းဥပဒေအရ ပြုလုပ်သော အမိန့်ဆင့်ဆိုချက် ၃၀(၂)တွင် ပြဋ္ဌာန်းထားသော သိမ်နှင့်ပတ်သက်သည့် စာပိုဒ်ကို တိုက်ရိုက်မြန်မာဘာသာပြန်ဆို၍ ဖော်ပြပါမည်။

"ဗဒ္ဓနှင့်အဗဒ္ဓဟူ၍ သိမ်နှစ်မျိုးရှိပါသည်။ ဗဒ္ဓသိမ်အတွက် လျှုဒါန်းသောမြေမှာ ဧရိယာ

အားဖြင့် သေးငယ်ပါသည်။ ခိုင်မြဲသောသဘော ရှိပါသည်။ အထူးသဖြင့် အစိုးရက ပြန်လည် သိမ်းယူ၍မရနိုင်ပါ။ ထို့ကြောင့် ဤဗဒ္ဓသိမ်အတွက် ဂရန်ကို အထူးပုံစံဖြစ်သော $\frac{\text{Land Revenue II}}{\text{Grant 1}}$ ဖြင့် ထုတ်ပြန်ပေးပါသည်။ ဤအထူးဂရန်ပုံစံတွင် နိုင်ငံတော် အစိုးရက ပြန်လည်သိမ်းယူနိုင်ကြောင်း ပြဋ္ဌာန်းချက် မပါဝင်ပါ။ သို့ရာတွင် မြေကို ခွင့်ပြု ထားသည့် ရည်ရွယ်ချက်မှအပ အခြားနည်းဖြင့် သုံးစွဲပါက ဂရန်ပျက်ပြယ်၍ တရားဝင်မဖြစ်တော့ ပါ။ အဗဒ္ဓသိမ်မှာ ယာယီသဘောကို ဆောင်ပါ သည်။ ဧရိယာအားဖြင့် ဗဒ္ဓသိမ်ထက် ပို၍ကြီးမား ပြီး နိုင်ငံတော် အစိုးရက ပြန်လည်သိမ်းယူနိုင်ပါ သည်။ ထို့ကြောင့် အဗဒ္ဓသိမ်ဂရန်ကို ရိုးရိုး အခွန် လွတ်ဂရန်ပုံစံဖြင့်ပင် ထုတ်ပေးရပါသည်။”

ဖော်ပြပါ အမိန့်ဆင့်ဆိုချက် ၃၀(၂)အရ ဗဒ္ဓသိမ်နှင့် အဗဒ္ဓသိမ်တို့မှာ အရည်အချင်း မတူညီ ကြသည့်အတွက် အားသာချက်ပိုမိုရှိသော (ဝါ) သာသနာတော်အတွက် ရေရှည်အကျိုးကျေးဇူး ဖြစ်ထွန်းစေသော ဗဒ္ဓသိမ်ကိုသာ ဆရာတော်ကြီး များ လိုလားတော်မူပါသည်။ ထို့ကြောင့် ဗဒ္ဓသိမ် ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ဆက်လက်ဖော်ပြ ပါမည်။

# ကမ္ဘာတည်သရွေ့ တည်သည့်ဗဒ္ဒသိမ်

ဗဒ္ဒသိမ်နှင့်ပတ်သက်၍ စာလုံးပေါင်း အရေးအသားကို ရှေးဦးစွာ ဖော်ပြလိုပါသည်။ ကျွန်ုပ်ပြည်သူ့ဝန်ထမ်းဘဝတွင် ရှိစဉ်က မိတ်ဆွေတစ်ဦးက ကျွန်ုပ်အား ဆွေးနွေးဖူးပါသည်။ ၎င်း၏ဆွေးနွေးချက်မှာ ဘဒ္ဒသိမ်ဟု ရေးမှသာ မှန်မည်ဟုထင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာသည် ဘဒ္ဒကမ္ဘာဖြစ်ရာ၊ ဤသိမ်အမျိုးအစားသည် ကမ္ဘာတည်သရွေ့ တည်သည်ဟု ကြားဖူးသဖြင့် ဘဒ္ဒကမ္ဘာကြီးတည်သမျှ တည်မြဲမည့်သိမ်ဖြစ်ခြင်းကြောင့် ဘဒ္ဒသိမ်ဟု ရေးရမည်ဖြစ်ကြောင်း ဆွေးနွေးလာပါသည်။

ကျွန်ုပ်က ဤသို့မဟုတ်ကြောင်း ပြန်လည်ဆွေးနွေးပေးခဲ့ရပါသည်။ ပွင့်တော်မူသည့် ဘုရားရှင်အရေအတွက်ကို မူတည်၍ ကမ္ဘာအမည်များ ကွဲပြားသည်မှာ မှန်ကန်ကြောင်း၊ ဘုရားတစ်ဆူပွင့်သည့်ကမ္ဘာကို သာရကမ္ဘာ၊ နှစ်ဆူပွင့်သည့်ကမ္ဘာကို မဏ္ဍကမ္ဘာ၊ သုံးဆူပွင့်သည့်ကမ္ဘာကို ဝရကမ္ဘာ၊ လေးဆူပွင့်သည့်ကမ္ဘာကို သာရမဏ္ဍကမ္ဘာ၊ ငါးဆူပွင့်သည့်ကမ္ဘာကို ဘဒ္ဒကမ္ဘာ၊ ဘုရားတစ်ဆူမျှ မပွင့်သည့်ကမ္ဘာကို သုညကမ္ဘာဟု ခေါ်ဆိုကြကြောင်း၊ ဘုရားငါးဆူပွင့်သည့် ဘဒ္ဒကမ္ဘာတွင် ပြုလုပ်သည့် သိမ်ဖြစ်၍သာ ဗဒ္ဒသိမ်ဟုခေါ်သည် မဟုတ်ကြောင်း၊

တစ်ဆူတည်းပွင့်သည့် သာရကမ္ဘာမှာလည်း ဘုရားရှင် သာသနာတော်အတွင်း လုပ်ထုံးလုပ်နည်း နှင့်အညီ တည်ဆောက်သည့် အလားတူသိမ်ကို ဗဒ္ဓသိမ်ဟုပင် ခေါ်ကြောင်း၊ မဏ္ဍကမ္ဘာတွင်လည်း ဗဒ္ဓသိမ်၊ ဝရကမ္ဘာတွင်လည်း ဗဒ္ဓသိမ်၊ သာရမဏ္ဍကမ္ဘာတွင် လည်း ဗဒ္ဓသိမ်၊ ဘဒ္ဒကမ္ဘာတွင်လည်း ဗဒ္ဓသိမ်ဟုပင် ခေါ်ဆိုပါကြောင်း၊ ဗဒ္ဓသိမ်ဟူသော စကားသည် ပါဠိပျက် စကားဖြစ်ကြောင်း၊ ၎င်းတွင် ဗဒ္ဓနှင့်သိမ် ဟူသော စကားလုံးနှစ်လုံး ပေါင်းစပ်ပါဝင်ကြောင်း၊ ဗဒ္ဓသည် ဖွဲ့တုပ်ခြင်း၊ ကန့်သတ်ချီနှောင်ခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ သိမ်ဟူသည် သီမသဒ္ဒါမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ ပိုင်းခြားခြင်းဟု အဓိပ္ပာယ်ရကြောင်း၊ ထို့ကြောင့် ဗဒ္ဓသိမ်ဆိုသည်မှာ မြတ်ဗုဒ္ဓ၏ အာဏာဒေသနာတော်နှင့် အညီ ကမ္မဝါစာဖြင့် ဖွဲ့တုပ်ရွတ်ဖတ် သမုတ်ထားအပ်သော အပိုင်းအခြားဟု အဓိပ္ပါယ် ထွက်ပါကြောင်း ရှင်းပြခဲ့ရပါသည်။ ဗဒ္ဓသိမ်ဟုခေါ်သော သိမ်အမျိုး အစား၏ ထူးခြားချက်မှာ သိမ်သမုတ်မည့် မြေနေရာကို သိမ်သမုတ်ရန် အလို့ငှာ မူလရွာ (ပကတိဂါမ)မှ ထုတ်နုတ်၍ အခြားသော မည်သည့် မြေနှင့်မျှ မဆက်ဆံစေဘဲ သီးခြားရွာ (ဝိသုံဂါမ) အဖြစ် သတ်မှတ်ပေးလိုက်ပြီး၊ သိမ် ဒါယကာကို လည်း သီးခြားရွာစား (ဝိသုံဂါမ ဘောဇက)အဖြစ်

ခန့်အပ်ပေးလိုက်ခြင်းဖြင့် မင်းအစိုးရ၏အမိန့်မှာ တင်းပြည့် ကျပ်ပြည့် ရရှိ သွားပါသည်။ ထို့အပြင် သံဃာတော် အရှင်မြတ်များကလည်း ဝိနည်း တရားတော် (အာဏာ ဒေသနာ)နှင့်အညီ ကမ္မဝါစာ များကို အကြားအလပ်မရှိ နိမိတ်စပ်အောင် ဖတ်ကြား၍ သမုတ်အပ်သဖြင့် မင်းအစိုးရတို့၏ ဥပဒေဆိုင်ရာ အခန်းကဏ္ဍအားဖြင့် လည်းကောင်း၊ သံဃာတော် အရှင် မြတ်များ၏ ဝိနည်းဒေသနာ အခန်းကဏ္ဍအားဖြင့်လည်းကောင်း ဘက်ပေါင်းစုံ က ပြည့်စုံခဲ့သဖြင့် ဤဗဒ္ဓသိမ်အမျိုးအစားမှာ အချိုပေါ်သကာလောင်း ဘိသကဲ့သို့ အကောင်း တကာ့ အကောင်းဆုံးပင် ဖြစ်ပါသည်။ ကမ္ဘာ တည်သရွေ့ တည်သည်ဟု ဆိုသည်မှာလည်း ထိုအကြောင်းကြောင့်ပင် ဖြစ်ပါလိမ့်မည်။

## ဗဒ္ဓသိမ်မြေဂရန် လျှောက်ထားခြင်း

ဗဒ္ဓသိမ်မြေဂရန် ရလိုကြောင်း လျှောက်ထား ရာတွင် အခွန်လွတ်သာသနာ့မြေ လျှောက်ထား ရာ၌ ပါဝင်သော အချက်များအတိုင်း လျှောက်လွှာ၊ မြေပုံ၊ သိမ်ပုံစံ စသည်တို့ ပြည့်စုံစွာပါရှိရပါမည်။ လိုအပ်သော အချက်များ၊ ပူးတွဲဖော်ပြရမည့် စာရွက် စာတမ်းများ၊ အဆင့်ဆင့် အရေးယူဆောင်ရွက်ချက် များမှာ အခွန်လွတ်သာသနာ့ဂရန်အတွက် ဆောင်ရွက်

သည့် နည်းအတိုင်းပင်ဖြစ်၍ ထိုအချက်များကို ပြန်လည်၍မရေးသားတော့ဘဲ ထူးခြားချက်များကိုသာ ဖော်ပြသွားပါမည်။ ဗဒ္ဓသိမ်သမုတ်ရန် လျှောက်ထားသည့် မြေကွက်သည် အခွန်လွတ်သာသနာ့မြေအဖြစ် အသိအမှတ်ပြုပြီးသော မြေအတွင်း ပါဝင်သောမြေဖြစ်မှသာ သက်ဆိုင်ရာဌာနက လက်ခံဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် အထက်မြန်မာပြည်မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၁-တွင် ဤအချက်ကို မတွေ့ရပါ။ လျှောက်ထားမြေသည် ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ဖြစ်ပါက ထိုဘုန်းတော်ကြီး ကျောင်း၏ အမည်၊ ကျောင်းထိုင်ဆရာတော်၏ ဘွဲ့တော်၊ ထိုဆရာတော်က ဗဒ္ဓသိမ်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ သဘောတူခွင့်ပြုကြောင်း ဆရာတော်၏ မြွက်ဟချက်တို့ ပါရှိရမည်ဟုသာ ဖော်ပြထားပါသည်။ လျှောက်ထားမြေသည် အခွန်လွတ်သာသနာ့မြေအတွင်း ပါဝင်မှသာလျှင် ဗဒ္ဓသိမ်မြေဂရန် ခွင့်ပြုနိုင်ကြောင်း နည်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များတွင် မတွေ့ရသော်လည်း သဘာဝကျကျ စဉ်းစားကြည့်ပါက ဤအချက်မှာ ဆီလျော်မှုရှိကြောင်း တွေ့ရပါသည်။ သံဃာတော်များ ကံကြီးကံငယ်ဆောင်ရန် လိုအပ်သောသိမ်သည် သံဃာတော်များ သီတင်းသုံးရာ အရာမ်အတွင်း

မှာပင် ရှိသင့်ပါသည်။ သံဃာတော်များ သီတင်းသုံးရာ အရာမ်ကျောင်း ဝင်းမှာလည်း အခွန်လွတ် သာသနာ့ဂရန် ရရှိပြီးသား ဖြစ်သင့်ပါသည်။ ထို့ကြောင့် ဗဒ္ဓသိမ်ဂရန် လျှောက်ထားသည့် မြေသည် သံဃာတော်များ သီတင်းသုံးရာ အခွန်လွတ် သာသနာ့ဂရန် ရရှိပြီးဖြစ်သည့် ကျောင်းဝင်း အရာမ်အတွင်းမှာပါဝင်ပြီး ဖြစ်ရမည်ဟူသည့် အချက်မှာ သဘာဝကျသဖြင့် အစဉ်အဆက် လက်ခံကျင့်သုံးခဲ့ခြင်း ဖြစ်ဟန်ရှိပါသည်။

ဗဒ္ဓသိမ်ဂရန်လျှောက်လွှာကို သိမ်ဒါယကာကသာ လျှောက်ထားရပါသည်။ ဗဒ္ဓသိမ်မြေဂရန်ကို အထက်မြန်မာပြည်မြေနှင့် အခွန်နည်းဥပဒေ၊ အောက်မြန်မာပြည်မြေနှင့် အခွန်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် မြေတန်ဖိုးများ ပေးသွင်းရန်မလိုဘဲ ထုတ်ပေးရပါသည်။ လျှောက်ထားမြေသည် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဖြစ်ပါက ထိုဘုန်းတော်ကြီးကျောင်း၏အမည်၊ ကျောင်းထိုင်ဆရာတော်၏ ဘွဲ့တော်၊ ထိုဆရာတော်က ဗဒ္ဓသိမ်ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ သဘောတူကြောင်း မြွက်ဟချက်တို့ ပါရှိရပါသည်။ ထို့အပြင် ဗဒ္ဓသိမ်သမုတ်ရန် လျှောက်ထားသော မြေကို လိုအပ်သလို အသုံးပြုနိုင်ရန်အလို့ငှာ နိုင်ငံတော်အစိုးရသို့ ပြန်လည်အပ်နှံကြောင်း မှတ်ပုံတင် စာချုပ်

စာတမ်း (Registration deed) ပြုလုပ်ရပါသည်။ သက်ဆိုင်ရာ ကျောင်းထိုင်ဆရာတော်က စာချုပ်စာတမ်းဖြင့် အပ်နှံရခြင်းမှာ ထိုမြေကို နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့် ပြန်လည်ရရှိစေရန်နှင့် သီးခြားရွာအဖြစ် သတ်မှတ်ပြီး သိမ်ဒါယကာအား သီးခြားရွာစား အဖြစ် ခန့်အပ်ပေးနိုင်ရန်ဖြစ်ပါသည်။

လျှောက်လွှာနှင့် ပူးတွဲပါရှိရမည့် မြေပုံနှင့် အခြားစာရွက်စာတမ်းများ ပြည့်စုံစွာပါရှိပါက အမှုတွဲဖွင့်လှစ်ခြင်း၊ မြေစာရင်းဦးစီးဌာနသို့ ပေးပို့၍ လိုအပ်သောစိစစ်ချက်များ၊ တွက်ချက်မှုများ ပြုလုပ်စေခြင်း၊ ကန့်ကွက်လွှာ ခေါ်ယူခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ သဘောထားများ၊ ထောက်ခံချက်များရယူခြင်း၊ သက်ဆိုင်သူများ၏ ထွက်ဆိုချက်များရယူခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း စသည်တို့ကို အခွန်လွတ် သာသနာ့မြေဂရန်လျှောက်ထားစဉ်က ဆောင်ရွက်သည့်နည်းလမ်းအတိုင်း ပြည့်စုံစွာဆောင်ရွက်၍ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုမိန့်ရရှိရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သို့ အမှုတွဲတို့ကို အစီရင်ခံစာနှင့်တကွ အဆင့်ဆင့် တင်ပြရပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)

သည် ထပ်မံ၍ လိုအပ်သော စိစစ်မှုများပြုလုပ်ပြီး ပြည့်စုံပါက ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ တင်ပြပါသည်။ ပြည်ထောင်စုဝန်ကြီးသည် ခွင့်ပြုသင့်ကြောင်း ကျေနပ်ပါက လျှောက်ထားမြေကို ပဂတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြားရွာတစ်ခုအဖြစ် သတ်မှတ်ပေးစေရန်နှင့် လျှောက်ထားသူအား ဗဒ္ဓသိမ်အဖြစ်အသုံးပြုရန် ဝိသုံဂါမဘောဇကအသီးအခြားရွာစားအဖြစ် ခန့်အပ်ရန် အမိန့်ချမှတ်ပေးပါသည်။

ပြည်ထောင်စုဝန်ကြီး၏ အမိန့်ရရှိသောအခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)သည် ဝိသုံဂါမ ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးရန်အမိန့်ကြော်ညာစာ ထုတ်ပြန်၍ အမှုတွဲကို မူလတက်လာသည့် လမ်းကြောင်းအတိုင်း အဆင့်ဆင့်ပြန်လည်ချပေးပါသည်။

ခွင့်ပြုမိန့်နှင့်တကွ အမှုတွဲကို ပြန်လည်ရရှိသော ခရိုင်အုပ်ချုပ်ရေးမှူးသည် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန် (ဝိသုံဂါမသိမ်အဖြစ် အသုံးပြုရန်အသီးအခြား မြေပေးအမိန့်) ကို အထူးပုံစံ ဖြစ်သော $\frac{\text{Land Revenue II}}{\text{Grant 1}}$ ဖြင့် ထုတ်ပေးပါသည်။ ဤသို့ အဆင့်ဆင့် ဆောင်ရွက်ခြင်းဖြင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်မှာ လျှောက်ထားသူ၏ လက်ဝယ်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဆရာတော် သံဃာတော်အရှင်မြတ်များ လိုလားနှစ်သက်တော်မူကြသည့် ဝိသုံဂါမဗဒ္ဓသိမ် မြေဂရန် ရရှိရေးအတွက် ဆောင်ရွက်ပုံ အဆင့်ဆင့် ကို ဤမျှရေးသားဖော်ပြရုံဖြင့် ခြုံငုံမိလောက်ပြီဟု ယူဆအပ်ပါသည်။

## လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်

သာသနာရေးကိစ္စများအတွက် အသုံးပြုရန် လျှောက်ထားသောမြေသည် လယ်ယာမြေဟူသော စကားရပ်တွင် အကျုံးဝင်ပါက လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုချက်ကို ရှေးဦးစွာ ရရှိရန် လိုအပ်ပါသည်။ ယခင်က လန-၃၉ ခွင့်ပြုမိန့် ဟု အသိများခဲ့သောကိစ္စဖြစ်ပါသည်။ ယခုအခါ အစိုးရသစ်လက်ထက်တွင် ၂၀၁၂ ခုနှစ်က လယ်ယာမြေ ဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၁)ကို ပြဋ္ဌာန်းခဲ့သဖြင့် ယင်းဥပဒေ ပုဒ်မ ၃၀(က) (ခ) တို့အရ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။ ဤဥပဒေပုဒ်မ ၃(က)တွင် "လယ်ယာမြေ ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုး သောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်း ကောင်း၊ ဟင်းသီး ဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့်

ခြံမြေဟုသော်လည်းကောင်း သတ်မှတ်သည့် မြေများကို ဆိုလိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာ နယ်နိမိတ်အတွင်းရှိ လူနေအိမ်များ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်”ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်နှင့် ပတ်သက်၍ လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ခွင့်ပြုနိုင်ပြီး လယ်မြေမှတစ်ပါးလယ်ယာမြေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုနိုင်ပါသည်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာ (ပုံစံ-၁၄)ဖြင့် မြို့နယ်မြေစာရင်း ဦးစီးဌာနရုံးသို့ လျှောက်ထားရပါသည်။ ယင်းလျှောက်လွှာတွင် လျှောက်ထားသူ၏အမည်၊ အဘအမည်၊ နိုင်ငံသား/ အမျိုးသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်၊ အမြဲနေထိုင်သည့် နေရပ်လိပ်စာ၊ လျှောက်ထားသည့် မြေ၏ အကြောင်းအရာများ-ရပ်ကွက်/ ကျေးရွာ အုပ်စု၊ ကွင်းအမှတ်၊ ကွင်းအမည်၊ ဦးပိုင်အမှတ်၊ မြေမျိုး၊ မူလဧရိယာ(ဧက)၊ လျှောက်ထားသည့် ဧရိယာ(ဧက)၊ အခြားနည်းဖြင့် အသုံးပြုလိုသည့်

နည်းလမ်း၊ လျှောက်ထားသည့်မြေ အသုံးပြုထားမှု အခြေအနေတို့ ပါဝင်ပါသည်။ လျှောက်လွှာနှင့် အတူ သက်သေခံမြေပုံ (၂)ပုံ ပူးတွဲတင်ပြရပါသည်။

မြို့နယ်ဦးစီးရုံးသည် လျှောက်လွှာရရှိသော အခါ လုပ်ငန်းစာတွဲ ဖွင့်လှစ်၍ နည်းဥပဒေနှင့် အညီ စိစစ်ပြီး ရက်ပေါင်း(၃၀)အတွင်း သဘောထား မှတ်ချက်ဖြင့် လုပ်ငန်းစာတွဲကို မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရပါသည်။

မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် တင်ပြချက်ရရှိသည့်အခါ (၁၅)ရက်အတွင်း နည်း ဥပဒေများနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက် နှင့်အတူ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ တစ်ဆင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရပါသည်။

နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့သည် တင်ပြချက်ရရှိသည့်အခါ ရက်ပေါင်း (၃၀)အတွင်း သဘောထားမှတ်ချက်နှင့်အတူ လယ်မြေ ဖြစ်ပါက လုပ်ငန်းစာတွဲကို ဗဟိုလယ်ယာမြေ စီမံ ခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရပါသည်။

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ကို ပုံစံ ၁၅ဖြင့် ထုတ်ပေးပါသည်။

နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ကို ပုံစံ ၁၅-က ဖြင့် ထုတ်ပေးပါသည်။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိပြီးပါက သာသနာ့မြေဂရန်ရရှိရေးကို အထက်တွင်ဖော်ပြခဲ့သော လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## စားကျက်မြေ ပယ်ဖျက်ခြင်းအကြောင်း

အချို့သော တောရကျောင်းများနှင့် ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများသည် ကျေးရွာများမှ ခပ်လှမ်းလှမ်းတွင် တည်ရှိတတ်ပါသည်။ ထိုကျောင်းများ၊ ရိပ်သာများတည်ရှိရာမြေကို မြေစာရင်း မြေပုံတွင် စိစစ်သည့်အခါ ရှေးယခင်ကတည်းကပင် စားကျက်မြေဟု သတ်မှတ်ထားပြီးဖြစ်သော မြေများ ဖြစ်နေတတ်ပါသည်။ ထိုမြေမျိုးကို သာသနာရေးဆိုင်ရာမြေဂရန် လျှောက်ထားသောအခါ ရှေးဦးစွာ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ရန် လိုအပ်ပါသည်။

စားကျက်မြေမှ ပယ်ဖျက်ရန်အတွက် ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးထံ လျှောက်ထားရပါသည်။ လျှောက်လွှာတွင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ မြေစာရင်းဦးစီးဌာနက ရေးဆွဲ ပေးထားသော ပုံစံ ၁၀၅ မြေပုံ ၂ ပုံတို့ကို ပူးတွဲ တင်ပြရပါသည်။ လျှောက်လွှာရရှိသောအခါ အမှုတွဲဖွင့်လှစ်ပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးပို့ရပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာန၏ ထောက်ခံချက် (မြေစာရင်းဦးစီးဌာန၏ ထောက်ခံချက်တွင် မူလစားကျက်မြေဧရိယာ၊ လျှောက်ထားသည့် စားကျက်မြေဧရိယာ၊ ကျန်သည့်ဧရိယာတို့ကို ဖော်ပြရပါမည်)၊ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ထောက်ခံချက် (မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ထောက်ခံချက် တွင် မူလစားကျက်မြေကို အသုံးပြုလျက်ရှိသော ကျေးရွာမည်မျှ၊ ကျွဲနွား အကောင်ရေမည်မျှ၊ ယခုလျှောက်ထားမြေကို ပယ်ဖျက်လိုက်ပါက ကျန်မည့်ဧရိယာသည် လက်ရှိ ကျွဲ/နွား ကောင်ရေအတွက် လုံလောက်မှု ရှိ/မရှိ ဖော်ပြရမည်) တို့ကို တောင်းခံပြီး အမှုတွဲတွင် တွဲထားရပါမည်။

ကန့်ကွက်လွှာ ခေါ်ယူရပါမည်။ ကန့်ကွက်လွှာ ခေါ်ယူထားစဉ် ကာလအတွင်း လျှောက်ထားမြေ နေရာသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ သက်ဆိုင်သူများ၏ ထွက်ဆိုချက်များ ရယူခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ကန့်ကွက်လွှာ ခေါ်ယူသည့်ကာလ ကုန်ဆုံးသောအခါ လိုအပ်ပါက ထပ်မံ စစ်ဆေးကြားနာခြင်း ပြုလုပ်ပြီး အစီရင်ခံစာနှင့်တကွ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ အမှုတွဲကို ပေးပို့တင်ပြရပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် အမှုတွဲကို စစ်ဆေးပြီး လိုအပ်ပါက ကိုယ်တိုင် ကွင်းဆင်းစစ်ဆေး၍ အစီရင်ခံစာရေးသားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရပါသည်။ တိုင်းဒေကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ် ရေးမှူးသည် သက်ဆိုင်ရာ အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် စားကျက်မြေအဖြစ်မှ ပယ်ဖျက် ခွင့်ပြုမိန့်ကို အထက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၇၇နှင့် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၆၈တို့အရ ထုတ်ပြန်ပေးပါသည်။ စားကျက်မြေ ပယ်ဖျက်ခွင့် ရရှိပြီးပါက သာသနာ့ မြေဂရန် ရရှိရေးအတွက် အထက်တွင် ဖော်ပြခဲ့သော လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

-----------

ကျွန်ုပ်သည် ဆရာတော် အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၏ ဩဝါဒကို ခံယူ၍ ကျွန်ုပ် ဖတ်ရှုလေ့လာဖူးသော စာအုပ်စာတမ်းများ၊ ပြည်သူ့ ဝန်ထမ်းဘဝတွင် ဆောင်ရွက်ခဲ့ဖူးသော အတွေ့ အကြုံများကို အခြေခံပြီး ဝိသုံဂါမ ဗဒ္ဓသိမ်မြေ ဂရန်နှင့် အခွန်လွတ်သာသနာ့ မြေဂရန်ဆိုင်ရာ လုပ်ငန်းစဉ်များကို သင့်တင့်လျောက် ပတ်စွာ ရေးသားခဲ့ပါပြီ။ ကျွန်ုပ်ရေးသားခဲ့သည်များတွင် အမှတ်မှား၍သော်လည်းကောင်း၊ အဖတ်မှား၍ သော်လည်းကောင်း လွဲမှားတိမ်းစောင်းမှုများ ရှိနိုင်ပါသည်။ အကယ်၍ ပညာဝါများ ထိုလွဲမှား ချက်တို့ကို တွေ့ခဲ့ပြားပါအံ့၊ ကျွန်ုပ်အား မညှာ မထောက်ဘဲ ထောက်ပြ ပေးစေလိုပါသည်။ သာသနာတော် အကျိုးအတွက် ရှေ့ရှုထောက်ပြ မှုကို လေးစားစွာ ခံယူမည် ဖြစ်ပါသည်။

ဤစာတမ်းလုပ်ငန်းစဉ်များ၊ အချက် အလက်များသည် သာသနာရေးကိစ္စ ဆောင်ရွက် မှုအတွက် တစ်စုံတစ်ခုသော ရည်ညွှန်းကိုးကား စရာ ဖြစ်သည်ဆိုပါက များစွာ ဝမ်းမြောက်ရပါ ပေသတည်း။

စိရံတိဋ္ဌတု သဒ္ဓမ္မော

ဦးကြည်တင် (လယ်ဝေး)

acwftqufquf
jpkd&wdkY\Hkq;Hky;Hkp;Hsm?
tGefawmf
vGwfNidrf;csrf;mcGifjyKawmfh
tdrfESifh
OdkHf*gA'dkrfjr
tdrf;smuk
A[kdkwwtdkYtSm
azmfjyay;xm;ygonf/

လယ်ယာမြေပုံစံ ၇

လယ်ယာမြေနည်းဥပဒေ ၁၄ (က)

နေပြည်တော်/-----------------တိုင်းဒေသကြီး/ပြည်နယ်
---------------ခရိုင်၊ -------------မြို့နယ်

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်

ရုံးတံဆိပ်

<u>လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေအကြောင်းအရာ</u>

| | |
|---|---|
| ၁။ မြို့နယ်အမည်၊ | --------------------- |
| ၂။ ရပ်ကွက်/ကျေးရွာအုပ်စုအမည်၊ | --------------------- |
| ၃။ ကွင်း/အကွက်အမှတ်၊ | --------------------- |
| ၄။ ကွင်း/အကွက်အမည်၊ | --------------------- |
| ၅။ ဦးပိုင်လုပ်ကွက်အမှတ်၊ | --------------------- |
| ၆။ မြေမျိုး၊ | --------------------- |
| ၇။ ဧရိယာ(ဧက)၊ | --------------------- |
| ၈။ ခွင့်ပြုသည့်စာအမှတ်၊ | --------------------- |
| ၉။ ခွင့်ပြုသည့်ရက်စွဲ၊ | --------------------- |
| ၁၀။ မှတ်ချက်၊ | --------------------- |

လယ်ယာမြေဥပဒေပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း မရှိသရွေ့ လုပ်ပိုင်ခွင့်ပြုသည်။ (သက်သေခံမြေပုံ ပူးတွဲထားပါသည်။)

ရုံးတံဆိပ်

(----------)
အတွင်းရေးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
--------------------မြို့

မြေစာရင်းပုံစံ-၁၀၃

## မြေစာရင်းမြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးခွင့် လျှောက်ထားခြင်း

လျှောက်ထားသည့်ရက်စွဲ

၁။ လက်ခံပေါ်တွင် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးရန် လို/မလို

၂။ ရေးကူးလိုသည့် မြေကွက်အကြောင်းအရာ

(က) မြို့နယ် -

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု -

(ဂ) လမ်းနှင့် အမှတ် -

(ဃ) ကွင်း/အကွက်အမှတ် -

အမည် -

(င) ဦးပိုင်အမှတ် -

(စ) မြေမျိုး -

(ဆ) ဧရိယာ (ဧက) -

(ဇ) ပိုင်ဆိုင်မှု -

၃။ ရေးကူးလိုသည့်အကြောင်းအရာ -

၄။ လျှောက်ထားသူက မည်သို့သက်ဆိုင်သည့် (အထောက်အထားနှင့် ပူးတွဲဖော်ပြရန်)

၅။ လျှောက်ထားသူ လက်မှတ် -

အမည် -

မှတ်ပုံတင်အမှတ် -

နေရပ်လိပ်စာ -

## အရှင်ခေမာနန္ဒ(ရန်ကင်းတောရ)သပြေပင်

သို့

ဦးစီးအရာရှိ
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
စည်ပင်သာယာရေးကော်မတီ

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ( )ရက်

အကြောင်းအရာ။ မှန်ကန်ကြောင်း သက်သေခံသည့် မြေပုံနှင့် မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားခြင်း

နေပြည်တော် ---------------------------- မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ---------------------------- မြေကွက် အမှတ် -------------------------------------- မြေပိုင်မြေ/ဂရန်မြေ မြေကွက်နှင့် ပတ်သက်၍ --------------------------------------------------------------------- လိုအပ်ပါသဖြင့် မြေပုံ ( ) ပုံနှင့် ရာဇဝင် ( ) စောင်တို့ကို ရေးကူးပေးပါရန် လျှောက်ထားအပ်ပါသည်။

လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည် -

(က) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ ( ၁ ) စောင်

(ခ ) အိမ်ထောင်စုဇယားမိတ္တူ ( ၁ ) စောင်

(ဂ ) ပိုင်ဆိုင်ကြောင်း အထောက်အထား

(၁) ---------------------------------------------

(၂) ---------------------------------------------

မြေကွက်တည်နေရာ

လိပ်စာ ------------------------------
---------------------------------------------
---------------------------------------------
---------------------------------------------

လျှောက်ထားသူလက်မှတ် ------------------------------------
လျှောက်ထားသူအမည် ------------------------------------
လျှောက်ထားသူ၏ အမျိုးသားမှတ်ပုံတင်အမှတ် ----------
---------------------------------------------------------------
နေရပ်လိပ်စာ ---------------------------------------------------------
---------------------------------------------------------------

ပုံစံ (၁၄)

လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်လွှာ

သို့

မြို့နယ်မြေစာရင်းဦးစီးဌာန

ရက်စွဲ၊ ---------- ခုနှစ်၊ ---------- လ ( )ရက်

၁။ လျှောက်ထားသူအမည် ----------------------------------

၂။ အဘအမည် ----------------------------------

၃။ နိုင်ငံသား/အမျိုးသား စိစစ်ရေးကတ်အမှတ် ----------------------------------

၄။ အလုပ်အကိုင် ----------------------------------

၅။ အမြဲနေထိုင်သည့် နေရပ်လိပ်စာ ----------------------------------

၆။ လျှောက်ထားသည့်မြေ၏ အကြောင်းအရာများ ----------------

(က) ရပ်ကွက်/ကျေးရွာအုပ်စု ----------------------------------

(ခ) ကွင်းအမှတ်/အမည် ----------------------------------

(ဂ) ဦးပိုင်အမှတ် ----------------------------------

(ဃ) မြေမျိုး ----------------------------------

(င) မူလဧရိယာ (ဧက) ----------------------------------

(စ) လျှောက်ထားသည့်ဧရိယာ (ဧက) -------------------------

(ဆ) အခြားနည်းဖြင့် အသုံးပြုလိုသည့်နည်းလမ်း-------------

---------------------------------------------------------------------------------------

၇။ လျှောက်ထားသည့်မြေအသုံးပြုထားမှုအခြေအနေ

---------------------------------------------------------------------------------------

---------------------------------------------------------------------------------------

၈။ မှတ်ချက် ။ မမှန်မကန် လိမ်လည် လျှောက်ထားခြင်း ဖြစ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း သိရှိပါသည်။

လက်မှတ် -------------------

အမည် -------------------

* လျှောက်ထားမှုအတွက် သက်သေခံမြေပုံ (၂) ပုံ ပူးတွဲ တင်ပြပါသည်။

ပုံစံ-၄

အစိုးရက ခွင့်ပြုသော ဥပဒေနှင့် ညီညွတ်သည့်
အခြားလုပ်ငန်းများတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ

သို့
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်တီ
နေပြည်တော်

ရက်စွဲ၊ ၂၀ နှင့်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်း ..........................
၂။ နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ် ....................
၃။ အဘအမည်.................................................
၄။ အလုပ်အကိုင် ..............................................
၅။ အမြဲနေထိုင်သည့်နေရပ်လိပ်စာ ................................
၆။ လျှောက်ထားသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ

------------------ တိုင်းဒေသကြီး/ပြည်နယ်၊ ------------- ခရိုင်

| မြို့နယ် | ရပ်ကွက် ကျေးရွာ အုပ်စု | ကွင်း | | ဦးပိုင်/ မြေကွက် အမှတ် | မြေ အမျိုး အစား | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|---|---|---|
| | | အမှတ် | အမည် | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

အထက်ဖော်ပြပါမြေအတွက် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှ မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် မြေပုံ (၂)ပုံ ပူးတွဲ တင်ပြပါသည်။

မှတ်ချက်။ မြေစာရင်းဦးစီးဌာန၏ ကွင်းမြေပုံတွင် ဦးပိုင်အမှတ် မပေးရသေးသော မြေဖြစ်ပါက ပုံကြမ်း (၂)ပုံသာ ပူးတွဲတင်ပြရမည်။

၇။ လုပ်ကိုင်လိုသည့် လုပ်ငန်း -----------------------------

၈။ လျှောက်ထားသူသည် မြန်မာနိုင်ငံသား/နိုင်ငံခြားသား/မြန်မာနိုင်ငံသားများသာ ပါဝင်သော အဖွဲ့အစည်း/ နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်း ဖြစ်ပါသည်။

၉။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများပါ စည်းကမ်းချက်များနှင့် ဗဟိုကော်မတီမှ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာပါမည်။

၁၀။ သတ်မှတ်ထားသော အာမခံကြေးငွေကို ပေးသွင်းပါမည်။

၁၁။ ကောက်ခံမည့် မြေခွန်များကို သတ်မှတ်ကာလအတွင်း ပေးသွင်းပါမည်။

၁၂။ တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။ အဖွဲ့အစည်း တည်နေရာ၊ မှတ်ပုံတင်အမှတ်၊ မှတ်ပုံတင်သည့်နေ့စွဲနှင့် အသင်းသားဦးရေစာရင်းတို့ကို ပူးတွဲ တင်ပြပါသည်။

၁၃။ လျှောက်ထားသော လုပ်ငန်းအတွက် လုံလောက်သော မတည်ရင်းနှီးငွေရှိကြောင်း ခိုင်လုံသော အထောက်အထား ပူးတွဲ တင်ပြပါသည်။

၁၄။ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ကို ပူးတွဲတင်ပြပါသည်။


လျှောက်ထားသူလက်မှတ်

လျှောက်လွှာလက်ခံရရှိသူလက်မှတ်၊ --------------------

လက်ခံသူအမည်/ရာထူး၊ -----------------------------

လက်ခံရရှိသည့်နေ့စွဲ/နေရာ၊ --------------------------

# မြို့အုပ်မင်း၏ အမိန့်



အခွန်တော် စည်းကြပ်ခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည့် အခွန်လွတ်သာသနာအဖြစ် အစိုးရမှ အသိအမှတ်ပြုကြောင်း အမရပူရမြို့အုပ်မင်းက လက်မှတ်ရေးထိုး၍ အကြောင်းပြန်ခဲ့သည့်စာ၏ မိတ္တူ။

# ၁၉၁၇ ခုနှစ် က မြန်မာနိုင်ငံဘုရင်ခံက ထုတ်ပေးသည့် ဗဒ္ဓသိမ်သမုတ်ရန် မြေပေးအမိန့်တော်

## အခွန်လွတ်သာသနာ့မြေနှင့် ဝိသုံဂါမပဒ္ဓသိမ်မြေဂရန်လျှောက်ထားခြင်း

### (၁၉၁၇ ခုနှစ်) ဗဒ္ဓသိမ်သမုတ်ရန် မြေပေးအမိန့်တော်




THEIN GRANT No36-9 OF 1917




သိမ်သမုတ်ရန် မြေပေးအမိန့်တော်။

မန္တလေး စီရင်စု။ အမရပူရ မြို့နယ်၊

အမရပူရ မြို့မတိုက်တွင်း နံပါတ် ၁၉၇ တွင်၊ ပုံးတဲ့ပါမြေပုံအရ အောက်ပါနယ်နိမိတ်များ အတွင်း ၀.၉ ဧကရှိမြေကိုသိမ်သမုတ်ရန်ပေးလိုက်ပြီ။

ဝိသုံဂါမမြေအားသနားတော်ခံစေ၊

နယ်နိမိတ်။

မြောက်အလား။
တောင်အလား။
အရှေ့အလား။
အနောက်အလား။

ဘုန်းကြီးဦးကုသလ သတင်းသုံးသည့် ပင်းတလဲကျောင်း ပရိဝုဏ်အတွင်း။

သနားတော်ခံရသည့် မြေတွင် သိမ်သမုတ်ခြင်းမှတပါး အခြားတစုံတရာ ပြုလုပ်လျှင်၊ သနားတော်မူရင်းအမိန့်တော်ကိုနုတ်သိမ်းစေ၊

မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်း။

ရန်ကုန်မြို့၊

| | | |
|---|---|---|
| ၁၉၁၇ ခုနှစ်၊ | မေ | လ ၂၃ ရက်၊ |
| ၁၂၇၉ ခုနှစ်၊ | နယုန် | လဆန်း ၃ ရက်၊ |

G.B.C.P.O-No.18, G.T.,26-8-1)1g-300.
မူရင်းအတိုင်း ကူးယူပါသည်။

# (၁၉၄၁ ခုနှစ်) ဗုဒ္ဓသိမ်သမုတ်ရန် မြေပေးအမိန့်တော်

## TRANSLATION OF GRANT

### ဗုဒ္ဓသိမ်သမုတ်ရန်မြေပေးအမိန့်တော်။

မြန်မာနိုင်ငံတော်အထက်ပိုင်းမြေခွန်တော်နည်းဥပဒေ ၅၃-က(၁)။
မြန်မာနိုင်ငံတော်အောက်ပိုင်းမြေခွန်တော်နည်းဥပဒေ ၃၄(၁)။
မြန်မာနိုင်ငံတော်အောက်ပိုင်းမြို့ရွာရှိမြေရာနည်းဥပဒေ ၅၂(၁)။

စီရင်စု၊ အမရပူရမြို့ မန္တလေး မြို့နယ်၊
မင်္ဂလာရာမတိုက်သစ် - - - တွင် တည်ရှိသော

ပူးတွဲပါမြေပုံအရ၊ အောက်ပါနယ်နိမိတ်များအတွင်း၊ တစေကာ၏ဒဿမ ၀.၅ ဘုရားအတွင်း ရှိမြေကို သိမ်သမုတ်ရန်၊ ဘိုးတော်ကွင်း ၀.၅ ဒဿမ ကျုံတန်းရပ်သစ်ကုံသည် - က၊ ဝိသုံဂါမမြေစားသနားတော်ခံစေ။

ABCD အတွင်း မြေပုံအရ - - - နိဘိုး
ပြုလုပ်ရန် - -

<u>နယ်နိမိတ်များ။</u>

| | | |
|---|---|---|
| မြောက်အလား။ | မင်္ဂလတိုက်သစ် | ပူးတွဲပါမြေပုံအရ |
| တောင်အလား။ | သထုံ-တိုက် | |
| အရှေ့အလား။ | မင်္ဂလာတိုက်ဟောင်း | |
| အနောက်အလား။ | မီးရထားလမ်း | |

သနားတော်ခံရသည့်မြေကို၊ဗုဒ္ဓသိမ်သမုတ်ရန်အသုံးမပြုလျှင်၊သနားတော်မူရင်းအမိန့်တော်မှာပျက်ပြယ်စေ။

ရက်စွဲ၊ ။၁၉၄၁ ခုနှစ်၊ မေလ ၃၀ ရက်။

ပေးအပ်သိရက်စွဲ ၁၃၀၃ ခု၊ နယုံလွှုပ် ၂ ရက်နေ့

မူရင်းသတ်ပုံအတိုင်း၊ ကူးယူပါသည်၊

## ခေတ်အဆက်ဆက် မင်းအစိုးရတို့၏
## ဝိသုံဂါမသိမ်အမိန့်များ

(သူ့ကျွန်ဘဝ အင်္ဂလိပ်အစိုးရလက်ထက် ဝိသုံဂါမပေးသည့် အမိန့်)

မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်း တံဆိပ်တော်ပုံ သိမ်သမုတ်ရန် မြေပေးအမိန့်တော်

| |
|---|
| မြင်းခြံဒိစတြိတ်စီရင်စုတောင်သာမြို့နယ် ကျောက်ဆောက်ကျွန်းရွာတိုက်တွင် အောက်ပါနယ်နိမိတ်များအတွင်း(၁၂–ကေ) ရှိ မြေကို သိမ်သမုတ်ရန် မောင်ချစ်ပေါက ဝိသုံဂါမ မြေစားသနားခံစေ။<br><br>နယ်နိမိတ် ..........<br>မြောက်အလား ..........<br>တောင်အလား ..........<br>အရှေ့အလား ..........<br>အနောက်အလား ..........<br>ဎင်း သနားတော်ခံရသည့်မြေတွင် သိမ်သမုတ်ခြင်းမှ တပါး၊ တခြားတစုံတရာ အသုံးပြုလျှင် သနားတော်မူရင်း အမိန့်တော်ကို နုတ်သိမ်းစေ။<br><br>မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်း ရန်ကုန်မြို့<br>၁၈၉.. ခု၊ ............ လ...... ရက်။<br>၁၂.... ခု၊ ............ လ...... ရက်။ |

ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်း၏ ဝိသုံဂါမသိမ်အမိန့်

ငကံပေး မယား မိရှုံးတို့က စစ်ကိုင်းမြို့ အဝင် ငတေရော်ရွာ သူကြီးငတေ အုပ်ထိန်းသည့် မြေနယ်အတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ စတုရန်းတာ(၁၀၀ါ) မြေကို မြေစား သနားတော် ခံ၍ သိမ်သမုတ်ပြီးလျှင် ပြာသာဒ်တည်လုပ်ပါရမည့်အကြောင်းနှင့် ရှိခိုး သံတော်ဦးတင်ချက်အတိုင်း သိမ်သမုတ်၍ ပြာသာဒ်တည် လုပ်စေ။

၁၁၈၆–ခု၊ နယုန်လဆန်း(၇)ရက်နေ့ပြန် အမိန့်တော်။

နောက်ဆက်တွဲ(ည)

ပဥ္စမသံဂါယနာတင် မင်းတရား၏ ဝိသုံဂါမသိမ်အမိန့်

မြောက်ထားဝယ်သွေးသောက်ကြီး သောမှန် သွေးသောက် သားတို့ ရှိခိုး သံတော်ဦးတင်ချက်အတိုင်း ရဟန်းသံဃာတော်တို့ ဥပုသ်၊ ပဝါရဏာ၊ ကံကြီး၊ ကံငယ် ဆောင်ရွက်ရန် စစ်ကိုင်းမြို့ စီရင်စုချ ထန်းတောရွာအနီး ကြက်ထောင့် ကန်တော်အနောက် တောင်ကြား ဝါးတောမရွာ ဂိုဏ်းအုပ်ဆရာ သီတင်းသုံးနေသည့် တောရကျောင်းတိုက်အတွင်းရှိ မြေကို မြောက်ထားဝယ် သွေးသောက်ကြီး သောမှန် သွေးသောက်သားတို့က ဝိသုံဂါမ မြေစား သနားတော်မြတ်ခံ၍ ကုသိုလ်တော်ပွား ခဏ္ဍသိမ် သမုတ်လှူဒါန်းစေ။

၁၂၂၈–ခု၊နယုန်လဆန်း(၂)ရက်နေ့ပြန် အမိန့်တော်။

နောက်ဆက်တွဲ(ဋ)

သီပေါမင်း၏ ဝိသုံဂါမသိမ်အမိန့်

သုဓမ္မာ ဆရာတော်တို့ စာဆက်သွင်းချက် အတိုင်း ရဟန်းသံဃာတော်တို့ ဥပုသ်၊ ပဝါရဏာ၊ ကံကြီး၊ ကံငယ် ဆောင်ရွက်ရန် ရွှေမြို့တော် တောင်ပြင် ဘုံကျော်ကျောင်းတိုက် မဟာရံအတွင်း မြေကို အခွန် စာရေး မြိုးစည်သူကျော်ထင်က ဝိသုံဂါမမြေစား သနားတော်စေ။

၁၂၄၀–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၇)ရက်နေ့ပြန် အမိန့်တော်။

# အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ခွင့်အမိန့်စာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထဲရေးဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အမိန့်ကြော်ငြာစာ ( ၂၃ / ၂၀၁၆ )

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလကွယ်နေ့

( ၂၀၁၆ ခုနှစ်၊ မတ်လ ၈ ရက် )

အမှတ်။ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် / အမည် - ၁၄ / ဧည့်ဂေဟာရပ်၊ ဦးပိုင်အမှတ် (B၆)ရှိ ကြိုးဝိုင်းတောပယ်ဖျက်မြေ ဧရိယာ (၁၁.၅၃၁) ဧကအား **"ရန်အောင်မြင်တောရဘုန်းတော်ကြီးကျောင်း"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၃၀၀ / ၁ - ၇/ ဦး ၁( ၉၃၁ )

ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၈ ရက်

ဖြန့်ဝေခြင်း

၁။ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊

၂။ ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

၃။ ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊

၄။ ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊

၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ၊
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် )

၆။ အုပ်ချုပ်ရေးမှူး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
(အမှုတွဲနှင့်အတူ ပူးတွဲပေးပို့ပါသည်)

၇။ ဦးစီးဌာနမှူး၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊

၈။ အုပ်ချုပ်ရေးမှူး၊ ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

Com- 2/ Su 1-2016/သာသနာမြေ

၉။ အုပ်ချုပ်ရေးမှူး၊ ဒက္ခိဏာသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

၁၀။ ဦးစီးဌာနမှူး၊ ဒက္ခိဏာသီရိမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊

၁၁။ **ဆက်ကပ်ပါရန်**၊ ဆရာတော် အရှင်ခေမာနန္ဒ၊ ရန်အောင်မြင်တောရကျောင်း၊ ဒက္ခိဏာသီရိမြို့နယ်၊

၁၂။ လှည့်လည်စာတွဲ၊

၁၃။ ရုံးလက်ခံ။

အမိန့်အရ

ခင်မောင်ကျော်
ညွှန်ကြားရေးမှူး

Com- 2/ Su 1-2016/သာသံနာမြေ

# အခွန်လွှတ်သာသနာ့မြေဂရန်

LAND REVENUE II

GRANT I

မူရင်း

**Entered in Land Register 1(Volume ____**

**Rev; Prog.No. ၁ of 2015 - 2016 . [illegible] District Office**

**Instrument of Grant for** Religious / Public **Purposes**

**<u>Rules 52,53 and 55 under the U.B.Land and Revenue Regulation ,1889.</u>**

**<u>Rules,32,33 and 36 under the L.B. Land Revenue Act,1876.</u>**

**Rules 50,51 and 54 under the L.B. Towns and Village Lands Act,1898**

THIS INSTRUMENT Of GRANT made the ကိုး day of ၂၀၁၆ ခုနှစ်၊ မတ်လ between the Governor of Myanmar of the one part and [illegible] of the other part: WITNESSETH that the said Governor of Myanmar doth hereby grant unto the said [illegible] and the survivor of them or other the turstees or trustee for the time being of the trust hereby created (hereinafter called the trustees)all that piece of land situate [illegible] and containing an area of [illegible] or thereabout which said piece of land is defineated in the plan hereto annexed and herein coloured [illegible] To HOLD the same upon trust for the purpose of အခွန်လွှတ်သာသနာ့မြေ and with the following liberties and subject to the following conditions that is to say-

(1) that the said premises shall be free of all Government land revenue taxes assessments and dues whatever so long as they are used for the purpose of အခွန်လွှတ်သာသနာ့မြေ

(2) that the said premises shall be liable to be assessed to land revenue if the whole or any portion there of is used for any purpose other than the specific purpose or purposes for which they are hereby granted and [illegible]

(3) that subject in all cases to the repayment to the holder of the amount of the value if any paid to Government by the original grantee the said premises together with all buildings erected or other works executed there an shall be liable to be resumed by the Government if the land or the buildings are at any time used for any purpose other than the specific purpose or purposes for which they are granted (a)or if the buildings are allowed to fall into such disrepair as to unfit them for use as a zayat(a)

**IN WITNESS WHEREOF**

[D]eputy Commissioner of the District on behalf of the [G]overnor of Myanmar and have hereunto set their hands.

ဦးစီးအရာရှိ
[မြို့နယ်]အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
[illegible] Witness

Witness

Collector

Deputy Commissioner

Grantee

## အခွန်လွတ်သာသနာ့မြေဂရန်

### သာသနာရေး သာသနာအမှု
### အလို့ငှာ မြေရာအပိုင် ပတ္တာစာချုပ်

၁၈၈၉ ခုနှစ်၊ မြန်မာနိုင်ငံတော် အထက်ပိုင်း မြေမှုမှုစ၍ အခွန်တော်ရက်ဂယူလေးရှင်း ဥပဒေအရ နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၅၅

၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံတော် (အောက်ပိုင်း) မြေယာနှင့် အခွန်တော် အက်ဥပဒေအရ နည်းဥပဒေ ၃၂၊ ၃၃ နှင့် ၃၆

၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံတော် အောက်ပိုင်း မြို့ရွာရှိ မြေယာအက်ဥပဒေအရ နည်းဥပဒေ ၅၀၊ ၅၁ နှင့် ၅၄

ယခုအပိုင် ပတ္တာစာချုပ်ကို ၂၀၁၆ ခု၊ မတ်လ ၉)ရက် (၁၃၇၇ ခု၊ တပေါင်းလဆန်း ၁ ရက်)တွင် မြန်မာနိုင်ငံတော် အစိုးရကိုယ်စား *ရန်အောင်မြင်တောရကျောင်း ဂေါပကအဖွဲ့တို့* ချုပ်ဆိုကြသည်မှာ *ဒက္ခိဏသီရိမြို့နယ်၊ ဒိုးနွယ်ကျေးရွာအုပ်စုရှိ (၁၁. ၅၃၁)ကေ*ရှိသော မြေယာအားလုံးကို မြန်မာနိုင်ငံတော်အစိုးရက ရန်အောင် *မြင်တောရကျောင်း သာသနာ့မြေအတွက်* ယုံမှတ်အပ်နှံသည့်အလျောက် အောက်ပါအခွင့်များ

စည်းကမ်းချက်များနှင့်အညီ လက်ရှိထားစေမည်။ ၎င်းစည်းကမ်း ချက်များမှာ-

(၁) အဆိုပါမြေယာကို *ရန်အောင်မြင်တောရကျောင်း သာသနာ့မြေအတွက်* အသုံးပြုသည့် ကာလပတ်လုံး အစိုးရမင်းတို့သို့ ထမ်းဆောင်သင့်သည့် အရပ်ရပ်မြေခွန်တော်မှစ၍ အခြားအခွန်အတုတ်အကောက်တော်တို့မှ လွတ်ငြိမ်းချမ်းသာ စေရမည်။


(၂) အဆိုပါ မြေယာအားလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း ယခုစာချုပ်အရ ပေးအပ်သည့် ကိစ္စအလို့ငှာ အသုံးပြုခဲ့လျှင် ၎င်းမြေယာပေါ်တွင် မြေခွန်တော်စည်းကြပ် တောင်းခံထိုက်သက်သာစေရမည်။

(၃) မြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စား *ခရိုင်အုပ်ချုပ်ရေးမှူး၊ နေပြည်တော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရန်အောင်မြင်တောရကျောင်း ဂေါပကအဖွဲ့*တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
နေပြည်တော်ခရိုင်

# သက်သေခံမြေပုံ–၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**




| |
|---|
| ၂၀၂၅ /၂၀၂၆ ခုနှစ်သုံး မြေပုံမှ ရေးကူးပေးသည့် မှန်ကန်ကြောင်းသက်သေခံသည့် မိတ္တူမြေပုံ |
| အမည်ပေါက်- |
| မြေတိုင်းရပ်ကွက်အမှတ်/ အမည်- |
| လူနေရပ်ကွက်အမှတ်- |
| ဦးပိုင်/မြေကွက်အမှတ်- |
| မြေအမျိုးအစား- |
| ဧရိယာ-( ) |
| မြို့နယ်- |
| စကေး- |
| လျှောက်ထားသူအမည်- |
| လျှောက်ထားသည့်ရက်စွဲ- |
| ထုတ်ပေးသည့်ရက်စွဲ- |
| လျှောက်ထားသည့်အကြောင်းအရာ- |
| မြေတိုင်း ( ၂ ) မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| မြေတိုင်း ( ၂ ) မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂၀၂၅ /၂၀၂၆ ခုနှစ်သုံး မြေပုံ/မြို့မြေစာရင်းမှ ရေးကူးသောကောက်နုတ်ချက် မိတ္တူ မြေပုံ/ မြေရာဇဝင် ဖြစ်၍ တိကျမှန်ကန်ကြောင်းထောက်ခံပါသည်။

( မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)

# သက်သေခံမြေပုံ-၂



(ည)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မြေတိုင်းရပ်ကွက်
မြို့နယ်
အမှတ်စဉ်

| က-ကနဦးမှတ်သားချက်များ | | | | | ခ-ပြောင်းလွှဲခြင်းအတွက်ပြောင်းလွှဲရာတွင်ပါဝင်သည့် မြေကွက်ငယ်များ | | |
|---|---|---|---|---|---|---|---|
| မြေကွက်အမှတ် (၁) | ဧရိယာ (၂) | ဂရန်(သို့)မြေငှား(သို့)လိုင်စင်(သို့)အငှားချထားခံရသူ၏ အမည်နှင့်နေရပ် (၃) | ဇယား(၃)တွင်ဖော်ပြသူ၏ပိုင်ဆိုင်ခွင့် အမျိုးအစား (၄) | မြေခွန်/မြေဖိုး (၅) | မှတ်ပုံတင်စာချုပ် အမှတ်နှင့်နေ့စွဲ (၆) | လွှဲပြောင်းခံရသူ၏ အမည်နှင့်နေ့စွဲ (၇) | လွှဲပြောင်းမှုအမျိုးအစား (၈) |
| | | | A | — | — | — | — |

လျှောက်ထားသူအမည်
လျှောက်ထားသည့်ရက်စွဲ
ထုတ်ပေးသည့်ရက်စွဲ
ရေးကူးပေးသည့်အကြောင်းအရာ
(ဖော်ပြပါအကြောင်းအရာအတွက်သာအသုံးပြုခွင့်ရှိသည်။)

၂၀၁၅/၂၀၁၆ ခုနှစ်သုံးမြေပုံ/မြို့မြေစာရင်းမှရေးကူးသော ကောက်နုတ်ချက် မိတ္တူ မြေပုံ / မြေရာဇဝင်ဖြစ်၍ တိကျမှန်ကန်ကြောင်း ထောက်ခံပါသည်။
(မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)

# မြေပေးစွန့်လွှတ်စာချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀၀ ကျပ် ငွေတစ်ထောင်ကျပ် K 1000

## မြေပေးစွန့်လွှတ်စာချုပ်

ရက်စွဲ။ ၂၀၁၆-ခုနှစ်၊ ဧပြီလ (၂၅ )ရက်

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု မြေတိုင်းရပ်ကွက် (၁၄)၊ ဧည့်ဂေဟာရပ်၊ ဦးပိုင်/ မြေကွက်အမှတ် (B-9) ရှိ အခွန်လွတ်သာသနာ့မြေဧရိယာ (၁၁. ၅၃၀) ဧကအနက်မှ မြေဧရိယာ (၀. ၀၆၉) ဧကရှိ မြေကို ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ရန်အောင်မြင်တောရဘုန်းတော်ကြီးကျောင်း၏ သာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ဝိသုံဂါမသောဇကဗဒ္ဓသိမ်မြေနေရာအဖြစ် သမုတ်၍ သတ်မှတ်ရယူလိုပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအား အာလယပြတ် စွန့်လွှတ်ပေးအပ်ပါသည်။

ဆရာတော်ဦးခေမာနန္ဒ
၉/လဝန (သ)၀၀၀၄၆၇
ရန်အောင်မြင်တောရကျောင်း
ဒက္ခိဏသီရိမြို့နယ်

**အသိသက်သေများ**

၁။ လက်မှတ် - ............
အမည် - ဦးဘစိုး (ဘ) ဦးခင်မောင်လေး
မှတ်ပုံတင်အမှတ် - ၉/လဝန (နိုင်) ၀၄၉၉၄၇
နေရပ် - အမှတ် (၆)ရပ်ကွက်
လယ်ဝေးမြို့

၂။ လက်မှတ် - ............
အမည် - ဦးအောင်ကျော်ငြိမ်း (ဘ)ဦးထွန်းခင်
မှတ်ပုံတင်အမှတ် - ၉/လဝန (နိုင်) ၀၆၁၂၂၀
နေရပ် - အမှတ် (၁)ရပ်ကွက်
လယ်ဝေးမြို့

# ဗဒ္ဓသိမ်မြေဂရန်ထုတ်ခွင့် ပြုသည့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာ ( ၂၁၅၉ / ၂၀၁၆ )**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် )

**အမှတ်။** နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်/အမည် - ၁၄/ ဇည့်ဂေဟာရပ်၊ မြေကွက်အမှတ် - B-၉ **“ ရန်အောင်မြင်တောရကျောင်း”** အခွန်လွတ်သာသနာ့မြေဧရိယာ **(၁၁.၅၃၁)**ဧကအနက်မှ **(၀.၀၆၉)**ဧကကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန် နည်းဥပဒေ ၅၃ (က)နှင့်အညီ သိမ်ဒါယကာ ဒေါက်တာပေါ်မြင့်ဦး (၉/ပမန(နိုင်)၀၆၀၈၅၃)အား ဗဒ္ဓသိမ်မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

**ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ**

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ပထရ / ၂ - ၃ ( ၂၁၅၉ )/ထောက် ၂

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

**ဖြန့်ဝေခြင်း**

၁။ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊

၂။ ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

၃။ ညွှန်ကြားရေးမှူးချုပ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊( အမှုတွဲနှင့်အတူ ပူးတွဲပေးပို့ပါသည် )

၄။ ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊

၅။ ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊

၆။ ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်)

၇။ အုပ်ချုပ်ရေးမှူး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးဌာန၊

၈။ ဦးစီးဌာနမှူး၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊

၉။ အုပ်ချုပ်ရေးမှူး၊ ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

Com- 4 /Su(2) /(မြေလွှဲအမိန့်)(16) (Oct)

၂

၁၀။ အုပ်ချုပ်ရေးမှူး၊ ဒက္ခိဏသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

၁၁။ ဦးစီးဌာနမှူး၊ ဒက္ခိဏသီရိမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊

၁၂။ သိမ်ဒါယကာ ဒေါက်တာပေါ်မြင့်ဦး ၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊

၁၃။ လှည့်လည်စာတွဲ၊

၁၄။ ရုံးလက်ခံ။

အမိန့်အရ

တင်မြင့်
အမြဲတမ်းအတွင်းဝန်

Com- 4 /Su(2) /(မြေငှားအမိန့်)(16) (Oct)

# ဝိသုံဂါမသိမ်အဖြစ် အသုံးပြုရန် အသီးအခြား မြေပေးအမိန့်

၅၀၀ ကျပ် K 500

မြေရာမှတ်ပုံတင်စာအုပ်အမှတ် (            )တွဲတွင်၊ ၂၀၁၆ ခုနှစ်

ဆိုင်ရာအမှတ်စဉ်            ဖြင့် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

ခရိုင်ရုံး၊ ဒက္ခိဏခရိုင် – ၂၀၁၆ ခုနှစ်၊ အခွန်တော်အမှုအမှတ်---၆/၂၀၁၆-----

(မူရင်း)

## ဝိသုံဂါမသိမ်အဖြစ် အသုံးပြုရန် အသီးအခြား မြေပေးအမိန့်

မြန်မာနိုင်ငံတော် အထက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၅၃–က

မြန်မာနိုင်ငံတော် အောက်ပိုင်း မြေခွန်တော် နည်းဥပဒေ ၃၄

မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့ရွာရှိ မြေရာနည်းဥပဒေ ၅၂

ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊-----ဒက္ခိဏသီရိ---------ရပ်ကွက်/ကျေးရွာအုပ်စု၊ နယ်မြေနေ၊လျှောက်ထားသူ –ဒေါက်တာပေါ်မြင့်ဦး–သိသာရန်မှာ၊ ဒက္ခိဏခရိုင်၊---ဒက္ခိဏသီရိ– မြို့နယ်၊–၁၄/ဧည့်ဂေဟာရပ်––တိုက်နယ်၊ ကွင်းအမှတ် ----------------------- ဦးပိုင်အမှတ် -----B-9-----တွင် တည်ရှိ၍ ပူးတွဲပါမြေပုံအရ အောက်ပါနယ်နိမိတ်များအတွင်း ပိုင်းခြားသတ်မှတ်ထားသော -----၀.၁၆၉-----ဧကရှိမြေကို ပကတိဂါမ မူလရွာမှ ဝိသုံဂါမ အသီး–အခြားရွာတစ်ခုဖြစ်စေရန် သတ်မှတ်ပေးလိုက်သည်။

ဤပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြားအရပ်ကို လျှောက်ထားသူဒေါက်တာပေါ်မြင့်ဦး အား ဗဒ္ဓသိမ်အဖြစ်အသုံးပြုရန် ဝိသုံဂါမဘောဇက အသီး–အခြား ရွာစားအဖြစ်ဖြင့် ခန့်ထား ပေးအပ်သည်။

### နယ်နိမိတ်များ

| | | |
|---|---|---|
| မြောက်အလား | – ရန်အောင်မြင်တောရကျောင်းသာသနာ့မြေ | ပူးတွဲပါ မြေပုံအရ |
| အရှေ့အလား | – ရန်အောင်မြင်တောရကျောင်းသာသနာ့မြေ | |
| တောင်အလား | – ရန်အောင်မြင်တောရကျောင်းသာသနာ့မြေ | |
| အနောက်အလား | – ရန်အောင်မြင်တောရကျောင်းသာသနာ့မြေ | |

ကော်လိုက်တော်အရာရှိ

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဒက္ခိဏခရိုင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

# ရည်ညွှန်းကိုးကားသည့် ကျမ်းညွှန်းစာရင်း

၁။ မဟာဝဂ္ဂပါဠိ

၂။ ပါစိတျာဒိအဋ္ဌကထာ

၃။ မဟာဝဂ္ဂအဋ္ဌကထာ

၄။ ဝိနယသင်္ဂဟအဋ္ဌကထာ

၅။ ကင်္ခါဘာသာဋီကာ

၆။ ဝိနယာလင်္ကာရဋီကာ

၇။ နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးသည့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၉)သိမ်သမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ

၈။ နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးသည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၀)နယ်သိမ်းသမုတ်မှုဆိုင်ရာ ဝိနိစ္ဆယ

၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၃-၁-၂ ၁၇ ရက်စွဲပါ အစည်းအဝေးမှတ်တမ်း (၃။၂ ၁၇) ဆုံးဖြတ်ချက်အပိုဒ်-၆။ (က။၄၂) အရယာယီအတည်ပြုထားသည့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေဥပဒေ (၂၀၁၂) The Farmland Law (၂၀၁၂)

၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်နည်း ဥပဒေ (၂၀၁၂)

၁၂။ The Vaccant, Fallow and Virgin lands Management Law (၂၀၁၂)

၁၃။ ဝိနယသံခိပ်ကျမ်း လယ်တီဆရာတော်ဘုရားကြီး

၁၄။ ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဝိသုံဂါမဝိနိစ္ဆယ။ အဂ္ဂမဟာပဏ္ဍိတ အဝေရာရာမရန်ကင်းဆရာတော်ဘဒ္ဒန္တ ဩဒါတသိရီဘိဝံသ (တည်းဖြတ်မြန်မာပြန်)

၁၅။ သိမ်မျိုးစုံ မဟာဋီကာကျမ်း
ကျွန်းရွာတောရဆရာတော်ဘုရားကြီး

၁၆။ သီမာယတ္တဝိနိစ္ဆယကျမ်း
ဆရာတော်ဦးသောဘိတ

၁၇။ ဝိသုံဂါမသီမာဝိနိစ္ဆယ
အဘယာရာမ ဆရာတော်ဘုရားကြီး

၁၈။ ဝိသုဒ္ဓါရုံ အဆုံးအဖြတ်
မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး

၁၉။ သီမာဝိနိစ္ဆယကျမ်း
ပခုက္ကူမဟာဝိသုတာရာမတိုက်ဆရာတော်ဘုရား

၂၀။ သိမ်သင်တန်း
အရှင်သီလာနန္ဒာဘိဝံသ(D.Litt.)
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ပါမောက္ခချုပ်ဆရာတော်၊ အပြည်ပြည်ဆိုင်ရာ
ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

၂၁။ ဂါမသီမာဒိ ဝိနိစ္ဆယ
ဆရာတော် အရှင်သုဓမ္မာစာရာဘိဝံသ
၂၂။ မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ အမရပူရ
သမိုင်း (၁၈၈၅-၁၉၄၀)စာတမ်း
၂၃။ မြေယာအုပ်ချုပ်မှု ယန္တရားနှင့် အသုံးချမြေယာ
ဥပဒေများ ဦးကျော်(အောင်မြတ်ကျော်)
ညွှန်ကြားရေးမှူး(ငြိမ်း) (၂၀၁၀)ပထမအကြိမ်
၂၄။ ဦးခင်မောင်ကြည် (ဘီအေ)၊ မြန်မာနိုင်ငံ ဝန်ထမ်း
အကြီးတန်း၏ မြေခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်း
လမ်းညွှန်၊
၂၅။ ဦးမျိုးထွန်း၊ ဒုတိယညွှန်ကြားရေးမှူး၏ မြေနှင့်
အခွန်အုပ်ချုပ်ရေးနှင့် ယစ်မျိုးလုပ်ငန်းများ စီမံ
ကွပ်ကဲခြင်း ဘာသာရပ်ပို့ချချက်များ (၁၉၉၁)
၂၆။ The Upper Burma (Myanmar) and
revenue manual (1939)
၂၇။ The Upper Myanmar Land Revenue Manual,
1989
၂၈။ The Lower Myanmar Land Revenue Manual.
၂၉။ Lower Myanmar Town and Village Lands
Manual
၃၀။ www.kbrl.gov.mm
၃၁။ www.dhammadownload.com
၃၂။ www.dhammatrainingcenter.com